# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကိုဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မုံရွာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လမ်းညွှန်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး)နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် လမ်းညွှန်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိမိအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်နိုင်အောင် ဒေသအလိုက် တွေ့ဆုံပွဲများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❁




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။** သတင်းစဉ်



**“ ဒီမိုကရေစီ လမ်းစအပေါ်တွင် ပြုပြင်ပြောင်းလဲရေးကို အားလုံးက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်၊ ပြုပြင်ပြောင်းလဲရေးသည် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး တောင့်တနေသည့် ဆန္ဒဖြစ်၊ ယင်းဆန္ဒကို အကောင်အထည်ဖော်ရန်မှာ အားလုံးတွင် တာဝန်ရှိ ”**




# သူရဲကောင်းများ ဆက်လက်ပေါ်ထွန်းရန်လို

သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်မှု၏အဓိကသော့ချက်မှာ ပြည်သူများအားလုံး ပါဝင်လာရေးပင် ဖြစ်သည်ဟု ပညာရှင်များက ဆိုထားသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ အမြောက်အမြားရှိသည့်အနက် ရာသီဥတု အပူလွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းပျောက်ဆုံးလာခြင်း၊ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲလာခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးဒဏ်များကို မျက်မှောက်ကာလတွင် မိမိတို့ တွေ့ကြုံနေကြရပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း၏ ဘေးဒဏ်များကို ကမ္ဘာ့နိုင်ငံအများအပြားတွင် ခံစားကြရသည့်အနက် အဆိုးရွားဆုံးခံစားရသည့် နိုင်ငံများထဲတွင် မိမိတို့နိုင်ငံပါဝင်နေသည်ကိုလည်း သတိပြုဖွယ်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဖွံ့ဖြိုးမှုနောက်အကျဆုံးနိုင်ငံအဖြစ်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေသည့် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းစာပါက ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်နိုင်စွမ်း **(Adaptive Capacity)**နှင့် ကြိုတင်ပြင်ဆင်ကာကွယ်မှု **(Preparedness)** တို့ နိမ့်ပါးနေမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်လာပြီဆိုပါက အနည်းနှင့်အများဆိုသလို ထိခိုက်ခံစားရမည်မလွဲဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ ရည်ရွယ်ချက်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက်ဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာတွင် ပစ္စုပ္ပန်ကာလ လူသားများက မိမိတို့၏ အသက်ရှင်သန်နေထိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို အသုံးပြုရာတွင် အနာဂတ်လူသားတို့အတွက်လည်း ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပြီး သဘာဝတောတောင်ရေမြေများကို မိမိတို့ ဘိုးဘွားများထံမှ ဆက်ခံရရှိ ခဲ့သည့်အတိုင်း မိမိတို့ သားမြေးမြစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ဖို့ လိုအပ်သည်။ သို့မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည်ဟု ဖွင့်ဆိုထားသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟု ဆိုရာတွင် အဓိကအားဖြင့် လူ-အပင်နှင့် သားငှက်တိရစ္ဆာန်တို့ အပြန်အလှန်ဆက်စပ်မှုနှင့် ပတ်ဝန်းကျင်တို့၏ ဆက်နွှယ်မှုဟုဆိုသည့် ဂေဟစနစ်ကို မပျက်ယွင်းအောင် ထိန်းသိမ်းရန်ဖြစ်သည်။ ယင်းတို့သုံးဦးသုံးဖလှယ် ဟန်ချက်ညီမျှမှုကို ထိန်းသိမ်းရာတွင် အဓိကအကျဆုံးမှာ လူပင်ဖြစ်သည်။ မျက်မှောက် ကာလပတ်ဝန်းကျင်ပျက်စီးမှုများ၏ လက်သည်မှာ အသိဉာဏ်အကြီးမားဆုံးဖြစ်သည့် လူတို့၏ ပယောဂကြောင့်ဖြစ်သည်ကို လက်ခံထားကြပြီးဖြစ်ရာ သစ်တောသစ်ပင်များနှင့် သားငှက်တိရစ္ဆာန်တို့ ကမ္ဘာမြေပေါ်တွင် ဟန်ချက်ညီစွာ ထာဝစဉ်ဆက်လက်တည်တံ့ရေးအတွက်လည်း လူသားတို့၏ တာဝန်ပင်ဖြစ်လာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အခြားသော ကမ္ဘာ့နိုင်ငံများ နည်းတူပင် သဘာဝတောတောင်ရေ၊ မြေများ ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်လျက်ရှိသည်။ စုပေါင်းအင်အားသည် အရာရာကို စွမ်းဆောင်နိုင်သည့်အလျောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတွင် သူရဲကောင်းတစ်ဦး ပေါ်ထွန်းလာပြီဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ဩဂုတ် ၁၇ ရက်တွင် ပြည်သူသို့ ကျေးဇူးတင်လွှာကို ထုတ်ပြန်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် တင်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးအား ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ဂုဏ်ပြုခဲ့သည်။

ဦးကျော်မြင့်ထွန်းသည် မြို့နယ်အဆင့်ဂုဏ်ပြုဆု၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆု၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ **(WWF)** နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း **(FOW)** တို့က ပူးပေါင်းပေးအပ်သည့် ''ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု'' တို့ကိုလည်းရရှိခဲ့ရာ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟူဘိသကဲ့သို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင်ဖြစ်ပါကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်တွင် နောက်ထပ်နောက်ထပ် သူရဲကောင်းများစွာ ဆက်လက်ပေါ်ထွန်းလာနိုင်ပါစေကြောင်း။ ။



## မြောက်ဥက္ကလာပမြို့နယ်၌ ပဋိပက္ခမအကြိမ်မြောက် ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လွင်၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်းဗဟို (မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်၊ ကျောင်းသားလူငယ်ထုသံတမန်ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် ဦးချစ်ချော၊ လူငယ်စာရေးဆရာ အလင်းဆက်တို့က ''လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်'' ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုတ်သုံလေအားကောင်းမည်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

**မိုး/ဇလ**

## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်



**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယမန်နေ့က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစီအစဉ်အရ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစား လေးမျိုးခွဲခြား သတ်မှတ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း လျှောက်ထားသူများအား ထုတ်ပြန်ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီ လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့မှ အဆင့်ဆင့် စိစစ်ရွေးချယ်ထားသူများအား လူတွေ့မေးမြန်းအကဲဖြတ်၍ အဆင့်ဆင့်အတည်ပြုကာ အမြဲနေထိုင်ခွင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ယခုလည်း ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူကိုယ်တိုင်တွေ့ဆုံမေးမြန်းအကဲဖြတ်ကာ အမြဲနေထိုင်ရန် ခွင့်ပြုသင့်၊ မပြုသင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှုအခြေအနေနှင့် ဗဟိုကော်မတီ စိစစ်ပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့်ကော်မတီဝင်များသည် လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြု ဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းစတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ယခုအထိ နိုင်ငံခြားသား စုစုပေါင်း ၅၂၇ ဦး အမြဲနေထိုင်ခွင့် လျှောက်ထားသည့်အနက် ၄၁၈ ဦးအား ခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူ ၅၀ အား လူတွေ့မေးမြန်းအကဲဖြတ် အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လောကနတ်ပန်းချီပြခန်းတွင် ပြသထားသည့် ဓာတ်ပုံ ထိန်ဝင်း၏ နှစ် (၃၀) ပြည့် ရှစ်လေးလုံး လူထုအုံကြွမှု ဓာတ်ပုံပြပွဲသို့ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှု



ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲ ပထမနေ့သို့ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၁၈**

ဓာတ်ပုံ ထိန်ဝင်း(ဦးထိန်ဝင်း)၏ နှစ်(၃၀) ပြည့် ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် ပြသရာ စိတ်ဝင်စားသူများ၊ ဓာတ်ပုံဝါသနာရှင်များနှင့် နိုင်ငံခြားသားများအပါအဝင် လူပေါင်း ၂၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

''ဓာတ်ပုံ ထိန်ဝင်းက လာကြည့်သူတွေထဲမှာ နိုင်ငံခြားသားတွေရော ကျောင်းသား ကျောင်းသူတွေပါတယ်။ အဓိကကတော့ အဲဒီတုန်းက ကြုံခဲ့တဲ့ လူကြီးတွေများတယ်။ ရှစ်လေးလုံးနောက်ပိုင်းမှမွေးတဲ့ လူငယ်တွေလည်း သူများပြောတာပဲကြားဖူးပြီး လာကြည့်တဲ့အခါ အခုလိုမြင်တွေ့ရတော့ အံ့သြစရာဖြစ်သွားတယ်လို့ ပြောကြတယ်။ သိမ်းထားလိုသူတွေအတွက် ဓာတ်ပုံတွေကို ရောင်းမယ် ပြောထားပေမယ့် နည်းနည်းပါးပါးတော့ မေးကြတယ်။ မရောင်းဖြစ်သေးပါဘူး။ တော်တော်များများက ဒီနေရာကို လာလို့လွယ်တော့ ဓာတ်ပုံတွေရောင်းရရင် ပြပွဲသတ်မှတ်ရက်အပြင် ထပ်တိုးပြီး ပြသချင်ပါတယ်''ဟု ပြောသည်။

နှစ်(၃၀)ပြည့် ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲကို ဩဂုတ် ၂၀ ရက်အထိ လောကနတ်ပန်းချီပြခန်းတွင် ပြသသွားမည်ဖြစ်ပြီး အဆိုပါ ဓာတ်ပုံများသည် ၁၉၈၈ ဩဂုတ်လဆန်း လူထုအုံကြွမှုစတင်ချိန်မှစ၍ စက်တင်ဘာ ၁၈ ရက် အာဏာသိမ်းယူသည့်အချိန်ထိ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ပြခန်းတွင် လွန်ခဲ့သော နှစ်ပေါင်း (၃၀)က ဖြစ်ပွားခဲ့သည့် ၁၉၈၈ လူထုအုံကြွမှု သမိုင်းမှတ်တမ်းဓာတ်ပုံ ၁၀၀ ကျော် ပြသထားပြီး ရန်ကုန်မြို့လမ်းများပေါ်တွင်ဆန္ဒပြနေပုံများ၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ် လူထုအစည်းအဝေး၊ ရန်ကုန်ဆေးရုံကြီးနှင့် ပြည်လမ်းတစ်လျှောက် လူထုအုံကြွမှုနှင့် ဟောပြောမှုများကို အဓိက ရိုက်ကူးထားခြင်းဖြစ်သည်။ ဓာတ်ပုံထိန်ဝင်းရိုက်ကူးထားသည့် ရှစ်လေးလုံးလူထုအုံကြွမှု မှတ်တမ်းစာအုပ်ကို စက်တင်ဘာတွင် ထုတ်ဝေသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

## ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)က ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ငွေလှူ

**ရန်ကုန် ဩဂုတ် ၁၈**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်း၊ အရာထမ်းငယ်အခြေခံသင်တန်း၊ စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်း၊ စာရေး ဝန်ထမ်းအခြေခံသင်တန်းများမှ သင်တန်းသား သင်တန်းသူများက ဩဂုတ် ၁၄ ရက်က ကရင်ပြည်နယ်ရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေကျပ် ၂၀၁၁၀၀၀ ကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂)တွင် သင်တန်းတက်ရောက်လျက်ရှိသော (ကသ-၇) ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် သမ္မတ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
သတင်းစဉ်

❒ **မိမိတို့နိုင်ငံတွင် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ပြုပြင်ပြောင်းလဲနိုင်ရန် တက်ညီလက်ညီဆောင်ရွက်နေ၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲမှုမြန်ဆန်စွာ အောင်မြင်မည်ဖြစ်**

❒ **ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရ၊ ဝန်ထမ်းများတွင် အခွင့်အရေးနှင့်ဒွန်တွဲ၍ တာဝန်ယူမှုများရှိ၊ အခွင့်အရေးကို မှန်ကန်စွာသုံးစွဲပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်**

❀ *ရှေ့စာမှ*

တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လစဉ်တင်ပြသည့် အစီရင်ခံစာဖတ်ရှုပြီး ဦးစားပေးအလိုက် ယခုလိုလာရောက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်မှ ပြုပြင်ပြောင်းလဲမှု အောင်မြင်မည်**

မိမိတို့နိုင်ငံတွင် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ပြုပြင်ပြောင်းလဲနိုင်ရန် တက်ညီလက်ညီဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲမှု မြန်ဆန်စွာ အောင်မြင်မည်ဖြစ်ပါကြောင်း။

**အားလုံးတောင့်တနေသည့် ဆန္ဒဖြစ်**

မိမိတို့နိုင်ငံတွင် ရာစုနှစ်ထက်ဝက်ကျော် ဒီမိုကရေစီလမ်းစပျောက်ဆုံးခဲ့ပါကြောင်း၊ ယခုအခါမှာ ဒီမိုကရေစီလမ်းစအပေါ်တွင် ပြုပြင်ပြောင်းလဲရေးကို အားလုံးကပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးတောင့်တနေသည့် ဆန္ဒဖြစ်ပါကြောင်း၊ ယင်းဆန္ဒကို အကောင်အထည်ဖော်ရန်မှာ အားလုံးတွင်တာဝန်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုတွင် တချို့က တွန့်ဆုတ်နေမှု၊ စိုးရိမ်နေမှု၊ ဝန်လေးနေမှုများရှိနိုင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် ရှင်းလင်း တင်ပြစဉ်။

သည် စိုးရိမ်စရာမဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် လိုက်ပါနိုင်ခြင်းမရှိပါက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်နိုင်မည် မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ မလွဲမသွေဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ လောကနိယာမတရားအရ အမြဲမှန်ကန်နေသည့်တရားမှာ ပြောင်းလဲခြင်းတရားပင်ဖြစ်ပါကြောင်း၊ ပြောင်းလဲမှုရေစီးကြောင်းတွင်လိုက်ပါနိုင်မှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ကောင်းဆွေကောင်းသာဖြစ်ပါကြောင်း၊ ယင်းကို အလေးအနက်ထားသိစေလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန်အတွက် အခွင့်ကောင်း၊ အခါကောင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် အတင်းအကျပ်တိုက်တွန်းနေရမည့်ကိစ္စမဟုတ်ဘဲ မဖြစ်မနေလုပ်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင်လည်း အတိတ်ကို သင်ခန်းစာယူပြီး အနာဂတ်ပြည်ထောင်စုကြီး တည်ထောင်ရန် မူဝါဒများချခဲ့ပါကြောင်း၊ မူဝါဒချမှတ်ရာတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန် ပန်းတိုင်ရှိပါကြောင်း၊ မိမိတို့တွင် ယုံကြည်ချက်ခိုင်မာသည့် ရပ်တည်ချက်လည်းရှိပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်ပတ်သက်ပြီးလည်း မူဝါဒများ ချမှတ်ထားပါကြောင်း။

**တာဝန်များကို ကျေပွန်ရန်လိုအပ်**

အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး နိုင်ငံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ လူမှုရေးမျှတမှုရှိအောင် စီမံရန်ဖြစ်ပါကြောင်း၊ ထို့အတူအခွင့်အလမ်းညီမျှမှု၊ အဆင့်



စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးသန်း ရှင်းလင်းတင်ပြစဉ်။

အတန်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုရှိအောင် စီမံပါကြောင်း၊ ထိုသို့စီမံဆောင်ရွက်ထားသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ကျေပွန်ရန် လိုအပ်ပါကြောင်း။

**အပြန်အလှန်ထိန်းညှိ**

ထို့အပြင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများအား ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ထိန်းကျောင်းခြင်း၊ စစ်ဆေးခြင်းတို့ပြုလုပ်ရန် တာဝန်ရှိပါကြောင်း၊ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအား ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးယန္တရား မဖြစ်စေလိုပါကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးသည့် စီမံခန့်ခွဲမှုမျိုးဖြစ်စေလိုပါကြောင်း၊ တရားမျှတ၍ ဘက်လိုက်မှုကင်းသည့် အုပ်ချုပ်ရေးဖြစ်စေလိုပါကြောင်း၊ တရားမျှတခြင်းသည် ဒီမိုကရေစီခိုင်မာရေးဖြစ်ပါကြောင်း၊ တရားမျှတခြင်းသည် လူ့အဖွဲ့အစည်းခိုင်မြဲရေးဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့မှာ ဟန်ချက်ညီရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်ပင်ညှိနှိုင်းသင့်ပါကြောင်း၊ ယင်းသို့တိုင်ပင်ညှိနှိုင်းရာတွင် ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ အပြန်အလှန်ထိန်းညှိခြင်း( Check and Balance) ကို နားလည်သင့်ပါကြောင်း။



စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့် ရှင်းလင်းတင်ပြစဉ်။

**အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်ရန် ဆောင်ရွက်**

တရားစီရင်ရေးအပိုင်းအနေဖြင့် ဥပဒေများနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို လိုက်နာပြီး ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်စေလိုပါကြောင်း၊ ဥပဒေအရာတွင် အားလုံးအညီအမျှဖြစ်စေလိုပါကြောင်း၊ တရားစီရင်ရာတွင်လည်း လုပ်ပိုင်ခွင့်ရှိသူများ၊ တာဝန်ရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုကင်းရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး တရားသူကြီးများအနေဖြင့် တရားရုံးအချုပ်များ၊ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများသို့ သွားရောက်၍ လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရေးစစ်ဆေးရန်နှင့် အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပြီး တည်တံ့ခိုင်မြဲရန် ဦးတည်ပါကြောင်း။

**အသစ်ဖွဲ့စည်း ဆောင်ရွက်နေ**

အဂတိလိုက်စားမှုအပိုင်းတွင်လည်း မိမိတို့နိုင်ငံတွင် ဓလေ့သဖွယ်စွဲကပ်နေပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို အသစ်ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Units (CPU)များဖွဲ့စည်းပြီး ထိန်းကျောင်းရန်လည်း စီစဉ်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာအောင်မြင်မှုများရရှိနေပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများကပါ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

**အခွင့်အရေးကိုမှန်ကန်စွာသုံးစွဲ**

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါဝန်ထမ်းများတွင် အခွင့်အရေးနှင့်ဒွန်တွဲ၍ တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကိုမှန်ကန်စွာသုံးစွဲပြီး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အခက်အခဲအကျပ်အတည်းများအတွက် ယာယီသက်သာမှုကိုကြည့်ပြီး နောင်မျိုးဆက်သစ်များအတွက် ရေရှည်အကျိုးစီးပွားကို မျက်ကွယ်မပြုစေလိုပါကြောင်း။

မိမိတို့အားလုံးသည် သမိုင်းပေးအခြေအနေအရ မိမိပခုံးပေါ်သို့ ကျရောက်လာသည့် တာဝန်များကို မိမိဖြတ်သန်းသည့် ကာလတစ်ခုတွင် မိမိတို့လုပ်ဆောင်ချက်များကို နောင်မျိုးဆက်သစ်များက တန်ဖိုးဖြတ်မည်ဖြစ်သည့်အတွက် အကောင်းဆုံးဖြင့် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက လွှတ်တော်ရေးရာလုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က တရားလွှတ်တော်ရေးရာလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အမှုများကို မှန်မှန်ကန်ကန်ဆုံးဖြတ်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့မှ ရှင်းလင်းတင်ပြသည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး မိမိတို့အစိုးရအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ရန် ကြိုးစားခဲ့ပါကြောင်း၊ အမှုများကို မှန်မှန်ကန်ကန်ဆုံးဖြတ်ရန် လိုအပ်ပြီး တရားစွဲအဖွဲ့အစည်းများကပါ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရာတွင် ပြစ်မှုနှင့်ပြစ်ဒဏ်မျှတရန် လိုအပ်ပါကြောင်း၊ ဥပဒေပြုရေးသမားများအနေဖြင့်လည်းအဆို၊မေခွန်းများနှင့်ပတ်သက်ပြီးစည်းမျဉ်းစည်းကမ်းများကို နားလည်လိုက်နာရန်လိုအပ်ပါကြောင်း၊ သိမ်းဆည်းခံလယ်ယာမြေများကို နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြန်လည်စိစစ်ဆုံးဖြတ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်း ပြည်သူများသည် စိုက်ပျိုးရေးလုပ်ကိုင်ကြသူများဖြစ်သည့်အတွက် လယ်ယာမြေများ ပြန်လည်ရရှိသွားပါက အလုပ်ကိုင်အခွင့်အလမ်းတိုးတက်ရရှိသွားမည် ဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် နယ်စပ်ဝင်ပေါက်ထွက်ပေါက်များကို အထူးဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှု၊ တရားမဝင်ရွှေတူးဖော်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ယခုထက်ပိုမို ဂရုစိုက်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အရာတော်မြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူးက အရာတော်(၂) စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေစုပ်စက်ကြီးများတပ်ဆင်ပြီးစီးမှု၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် နှစ်စဉ်စိုက်ပျိုးရေပေးဝေမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ဒေသခံပြည်သူများ အကျိုး ဖြစ်ထွန်းနိုင်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများ အတွက် တင်ဒါခေါ်ယူသည့်အခါ နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းပြီးစီးပါက ရေပေးမြောင်းများတိုးချဲ့နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ပါက ရေသောက်ဧရိယာတိုးတက်လာပြီး နှမ်းသီးနှံ၊ မိုးသီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မုံရွာမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြသည်။

**သတင်းစဉ်**



အရာတော်မြို့နယ်ရှိ အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် AEON Orange ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ Mr. Michio Kumagai အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် AEON Orange ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ Mr. Michio Kumagai နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် AEON Orange ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် Shopping Mall များ ဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံလိုကြောင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်ပါကြောင်းနှင့် ဌာနအနေဖြင့် အဆိုပါ မူဘောင်အတွင်းမှ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်း၌ မျိုးစေ့ထုတ် စံပြစိုက်ခင်းမျိုးစပါးများ သန့်စင်ထုပ်ပိုးမှု စစ်ဆေး

**တောင်ငူ ဩဂုတ် ၁၈**

နေပြည်တော် (ရုံးချုပ်) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ ညွှန်ကြားရေးမှူး (မျိုးစေ့)ဦးသက်ဇင်မောင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးယဉ်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးတို့သည် ဩဂုတ် ၁၅ ရက်က အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဂိုဒေါင်၌ သိုလှောင်ထားသော ရေကြီးနစ်မြုပ်အရန်မျိုးစပါးများ သန့်စင်ထုပ်ပိုး၊ သိုလှောင်ထားရှိ တင်ပို့နေမှုများကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဘက်စုံအဆင့်မြင့်စံပြကျေးရွာ ဧက ၃၀၀ ရှိရာအင်ဒိုင်းကျေးရွာသို့ သွားရောက်၍ စိုက်ကွင်းအတွင်း၌ စိုက်ပျိုးထားရှိသော မျိုးသန့်စပါးခင်းများ၊ မျိုးယှဉ်ပြိုင်ခွင့်များ၊ ဆွဲလွဲချောင်းကျေးရွာ၌ စိုက်ပျိုးထားရှိသော မျိုးစေ့ထုတ် (မျိုးသန့်စံပြရွာ)စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



## ဒုတိယဝန်ကြီး ဦးကျော်လင်း မိတ္ထီလာ-တောင်ကြီး - လွိုင်လင်လမ်းအပိုင်း လေးလမ်းသွားတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော မိတ္ထီလာ- ကလော-တောင်ကြီးလမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြ**

ဒုတိယဝန်ကြီးအား တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက လမ်းအပိုင်းကို လေးလမ်းသွားတိုးချဲ့ရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေများ၊ စက်ယန္တရားအခြေ အနေများ၊ ဝန်ထမ်းအင်အားအခြေအနေများ၊ မိုးရာသီ ကာလအတွင်း ယာဉ်သွားလာမှုအခြေအနေများနှင့် ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာမှု လွယ်ကူစေရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မိုင်တိုင်(၆၃/၂)အနီး ၇၅ ပေ အရှည်ရှိ သီတာအေး သံကူကွန်ကရစ်တံတားကြံ့ခိုင်မှု အားနည်းနေ၍ ထပ်မံအားဖြည့်ဆောင်ရွက်မည့် အခြေအနေနှင့် နှစ်လမ်းသွား RC တံတားအသစ် ပြန်လည်တည်ဆောက်မည့် အခြေအနေများကို တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုမှ ထပ်မံဖြည့်စွက်ရှင်းလင်းရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင် ရွက်လျက်ရှိသော မိုင်တိုင် (၇၇/၄) တွင် Cement Stabilized Method ဖြင့် လေးလမ်းသွားတိုးချဲ့ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မိုင်တိုင်(၈၃/၀)တွင် လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေမင်းရောင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် တောင်ကြီး- ဟိုပုံး- လွိုင်လင်လမ်း(တောင်ကြီး- ဟိုပုံး) အပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟိုပုံးမြို့နယ်ရုံးတွင်နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက တောင်ကြီး-ထမ်ဆန်းလမ်းအပိုင်း ၂၄ ပေ အကျယ်လမ်းတိုးချဲ့ခြင်းအစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ထမ်ဆန်းမှ လွိုင်လင်အထိ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တောင်ကြီး-လွိုင်လင်အပိုင်း သည် တောင်ပေါ်လမ်းဖြစ်၍ မိုးရာသီလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစဉ်မပြတ် ကြီးကြပ် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**လယ်ဝေး ဩဂုတ် ၁၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု ၃၅၃ ဒသမ ၂၀ ဧကကွင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ပေးခဲ့ပြီး ယခုအခါ ယင်းကွင်းအတွင်းရှိ လယ်ယာမြေများတွင် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် ၄၇ စက်မှုလယ်ယာစခန်းမှ နွေစပါးအချိန်မီရိတ်သိမ်းနိုင်ရေးနှင့် မိုးစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ခေတ်မီစက်ကြီးများဖြင့် လယ်ယာဝန်ဆောင်မှုများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင်တောင်သူများ၏ လယ်ယာလုပ်ငန်းများဖြစ်သည့် ထွန်ယက်၊ ရိတ်သိမ်းလုပ်ငန်းများ၊ အဆင်ပြေချောမွေ့စေရန်အတွက် ထွန်စက်ကြီးများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများ အသုံးပြုခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းစသည့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဇူလိုင်လအတွင်း ပေါက်မြိုင်ကျေးရွာတွင် ရွှေ့လျားဝန်ဆောင်မှုရေ့တန်းစခန်းဖွင့်လှစ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

❀ ကျောဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံက ထွက်ရှိသည့် ပဲမျိုးစုံ (အထူးသဖြင့် မတ်ပဲ၊ ပဲစင်းငုံ)တို့၏ လက်ရှိအနေအထားကို ပဲစိုက်ပျိုးတောင်သူများ၊ ကုန်သည်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက သိရှိသုံးသပ်ပြီး အနာဂတ် ပဲစိုက်ပျိုး ထုတ်လုပ်မှုအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်၊ မတ်ပဲနှင့် ပဲစင်းငုံအစား အနာဂတ်တွင် တောင်သူများအတွက် အကျိုးအမြတ် ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အခြေခံသည့် စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များထဲတွင် ဆန်စပါးနှင့် ပဲမျိုးစုံသည် အဓိက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများဖြစ်ပါကြောင်း။

**ဒုတိယအများဆုံးတင်ပို့**

ဆန်စပါးသည် ပြည်တွင်းတွင် အဓိက အရေးကြီးဆုံး စားနပ်ရိက္ခာ (Stable Food) ဖြစ်သည့်အတွက် ပြည်တွင်းဖူလုံရေးကို အဓိကထားပြီး ပိုလျှံသည်ကို ပြည်ပ တင်ပို့ရပါကြောင်း၊ ပဲမျိုးစုံကို ပြည်တွင်းတွင် ပဲအမျိုးအစား အချို့ကိုသာ စားသုံးပြီး ကျန်ပဲများ အားလုံးကို ပြည်ပဈေးကွက် ရှိသလောက် တင်ပို့နိုင်ခြင်း ဖြစ်သည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ လယ်ယာထွက်ကုန်ကဏ္ဍတွင် နိုင်ငံခြားငွေ အများဆုံး ရရှိသည့် သီးနှံဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အများဆုံး တင်ပို့နိုင်သည့် မတ်ပဲ၊ ပဲစင်းငုံဈေးများ အလွန်အမင်း ကျဆင်းသွားသည့်အတွက် ဒုတိယ အများဆုံးတင်ပို့သည့် သီးနှံအဖြစ် ရှိနေပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၇၁ နိုင်ငံတွင် ပဲမျိုးစုံသီးနှံများ စိုက်ပျိုး ထုတ်လုပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံကို နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းပြီး စုစုပေါင်း သီးနှံစိုက်ဧရိယာ၏ ၂၁ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ပဲမျိုးစုံကဏ္ဍသည် မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့် ကာလအတွင်း တိုးတက်ဖွံ့ဖြိုးမှု အမြန်ဆုံးဖြစ်သည်ကို ပြောနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာရှတွင် ပဲအများဆုံး တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ကနေဒါပြီးလျှင် အများဆုံးပဲတင်ပို့သည့် နိုင်ငံဖြစ်လာပါကြောင်း၊ ပဲမျိုးစုံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရခြင်းသည် နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပြီး စိုက်ပျိုးမြေများ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း ကုန်သွယ်ရောင်းဝယ်မှုကဏ္ဍတွင် နိုင်ငံသားများ၏ အတွေ့အကြုံနှင့် စွမ်းရည်များ တိုးတက်လာအောင်၊ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်အောင် နည်းမျိုးစုံဖြင့် အားပေးပံ့ပိုးပေးခြင်းများကြောင့်ပင် ဖြစ်ပါကြောင်း။

**အားသာချက်တစ်ခုဖြစ်နေ**

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကမ္ဘာ့ပဲအများဆုံး စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူ၊ တင်သွင်းသူဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံဖြစ်နေခြင်း၊ အိန္ဒိယနိုင်ငံက စားသုံးသည့်ပဲများသည် မြန်မာတောင်သူအများစုနှင့် အကျွမ်းတဝင် ဖြစ်နေခြင်းတို့သည် မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍတွင် အားသာချက်တစ်ခု ဖြစ်နေပါကြောင်း။

ပဲမျိုးစုံကဏ္ဍ ယခုထက် ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် နည်းမှန်လမ်းမှန်နှင့် ရောင်းဝယ်ကြရန်လိုအပ်ပြီး ပဲဈေးကွက် တည်ငြိမ်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

"တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ"ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂/၂၀၁၃)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ဆောင်ရွက်နေသည့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသကဲ့သို့ အခြေခံလူတန်းစား အများစုဖြစ်သည့် တောင်သူလယ်သမားများ အတွက်ပါ အထူးဦးစားပေး ဆောင်ရွက်နေပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ ရှင်းလင်းပြောကြားစဉ်။

**ပဲစင်းငုံ စိုက်ကေဒါးသိန်းကျော် လျော့နည်း**

အိန္ဒိယနိုင်ငံ၏ ပြည်ပမှတင်သွင်းမည့် ပဲ Quota သတ်မှတ်ချက် မူဝါဒ ပြောင်းလဲမှုသည် တောင်သူလယ်သမားများ အပါအဝင် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်နေသူများ ထိခိုက်မှုရှိခဲ့သည့်အတွက် သီးနှံပြောင်းလဲစိုက်ပျိုးရန် တောင်သူများကို အသိပညာပေး ဆောင်ရွက်မှုများကြောင့် ယခုနှစ် မိုးပဲမျိုးစုံ စိုက်ပျိုးရာသီတွင် ပဲစင်းငုံ စိုက်ကေဒါးသိန်းကျော် လျော့နည်းခဲ့ပြီး အစေ့ထုတ်ပြောင်း၊ ချက်ကြံနှင့် ချည်မျှင်ရှည်ဝါ စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးလာသည်ကို တွေ့ရပါကြောင်း၊ မတ်ပဲ ရာသီမှာ မတ်ပဲအစား ဒေသနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်မည့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် အဖြေရှာကြရမှာ ဖြစ်ပါကြောင်း။

အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေသည့် မတ်ပဲနှင့် ပဲစင်းငုံများ၏ လက်ရှိဈေးကွက်အခြေအနေ၊ ရှေ့ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများကို ပဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိမှသာ တောင်သူများအနေဖြင့် ဈေးကွက်ရှိပြီး အကျိုးအမြတ်ရရှိနိုင်မည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ ပဲစိုက်ပျိုးသူ တောင်သူများဘက်ကလည်း သီးနှံပြောင်းလဲစိုက်ပျိုးရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများကို ဖော်ထုတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက အခက်အခဲများကို မည်သို့ဖြည့်ဆည်းပေးနိုင်မည်ကို အဖြေရှာကြရမည်ဖြစ်ပါကြောင်း။

**ထွက်ကုန်များပြောင်းလဲထုတ်လုပ်**

ပဲစိုက်တောင်သူများ အနေဖြင့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်များ ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ကာလတိုအနေဖြင့် ပိုလျှံလက်ကျန်ပဲများ ရောင်းချရေးကိစ္စများ၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိစ္စများကို လျင်လျင်မြန်မြန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြစေလိုကြောင်း၊ ကာလလတ်အနေဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရရှိသည့် သီးနှံများအတွက် တောင်သူများကို မျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ကူညီထောက်ပံ့ခြင်း၊ ဈေးကွက်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကာလရှည်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှာ National Agriculture Master Plan တစ်ခု တည်ဆောက်စေလိုကြောင်း၊ ယနေ့ဆွေးနွေးပွဲကြီးမှာ ညှိနှိုင်းရရှိလာသည့် ရလဒ်များသည် တောင်သူလယ်သမားများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပဲတင်ပို့မှု အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကောင်းမွန်သော နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် နည်းပညာပံ့ပိုးပေးမှု အခြေအနေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အနာဂတ်တွင် ကောင်းမွန်သော ပဲဈေးကွက် ဖြစ်ပေါ်လာစေရေးအခြေအနေ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်က ပဲအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေးအခြေအနေ၊ ပဲဈေးကွက် အခြေအနေနှင့် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက ပဲစိုက်ပျိုးမှုတွင် ကွင်းဆင်းလေ့လာ သုတေသနတွေ့ရှိချက်များနှင့် ကုန်သွယ်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မင်္ဂလာခန်းမရှေ့တွင် ပဲမျိုးစုံ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး တို့မှ ပဲစိုက်တောင်သူများက ပဲစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မတ်ပဲ၊ ပဲစင်းငုံ ဈေးကွက်အခြေအနေ၊ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေတို့ကို ဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက အစုအဖွဲ့လိုက် ဆွေးနွေးဖော်ထုတ်ရမည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သည်အသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ ဒေသအလိုက် ပဲစိုက်ပျိုး တောင်သူများက ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအစုအဖွဲ့တစ်ခုချင်းအလိုက် တစ်ပြိုင်နက်တည်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု အခြေအနေများကို ဆွေးနွေးကြသည်။

**သုံးသပ်ဆွေးနွေး**

ဆက်လက်၍ အစုအဖွဲ့အလိုက် ဆွေးနွေးထားသည့် ဆွေးနွေးချက်များ အပေါ် အစုအဖွဲ့အလိုက် ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးတင်ပြပြီး အစုအဖွဲ့လိုက် တွဲဖက်ထားသည့် စိုက်ပျိုးရေး ပညာရှင်တစ်ဦးစီက သုံးသပ်ဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးချက်များအား အနှစ်ချုပ်၍ ဖော်ထုတ်ရရှိသည့် အချက်များကို ကြေညာကာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ဆွေးနွေးစဉ်။



မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင် ဆွေးနွေးစဉ်။



စီးပွားရေးသုတေသီ ဒေါက်တာ ဇော်ဦး ဆွေးနွေးစဉ်။



ပဲစိုက်တောင်သူ ဦးကျောက်ခဲ ဆွေးနွေးစဉ်။

# သုံးခွမြို့နယ် ရေဘေးသင့်ပြည်သူများအား အစားအစာများနှင့် အဝတ်အထည်များ လှူဒါန်း

**သုံးခွ ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာနှင့် ထွန်းစိန်ကျေးရွာတို့တွင် ပင်လယ်ရေမြင့်တက်လာမှုကြောင့် လယ်သမား တာကျိုးပေါက်ပျက်စီးကာ နေအိမ်များ ရေဝင်ရောက်ခဲ့သည့် ရေဘေးသင့်ပြည်သူများအား အကူအညီအထောက်အပံ့များကို အလှူရှင်များက လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက မှိုကုန်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် အလှူရှင်များ၊ စိန်နန်းတော်၊ ရွှေနန်းတော် ရတနာရွှေဆိုင် မိသားစု စုပေါင်းလှူဒါန်းသော ဆန်၊ ဆီ၊ ယံယံခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူးများ၊ မုန့်ထုပ်များ၊ အဝတ်အထည်များ၊ ဆပ်ပြာများအပါအဝင်ပစ္စည်း ၂၅ မျိုးကို ရေဘေးသင့် အိမ်ထောင်စု ၄၂ စု လူဦးရေ ၁၆၂ ဦးအတွက် လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**မိုး/ဇလ**


# အာဆီယံ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယေဘုယျအခြေအနေနှင့် အနာဂတ်အလားအလာ

နှင်းမြတ်သူ (ယဉ်ကျေးမှု)

**အာဆီယံဒေသတွင်း ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ယနေ့ခေတ်ကာလတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် နားလည်ယုံကြည်မှု ပိုမိုမြင့်မားလာစေရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတွင် အာဆီယံ၏အရေးပါမှုကို ပိုမိုမြင့်တင်ပေးနိုင်သည့် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လာပါသည်။ သို့ဖြစ်၍ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ပြည့်စုံအောင် အကောင်အထည်ဖော်မည့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စီမံချက်များ၊ လုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ယေဘုယျအခြေအနေများကို ဤဆောင်းပါးတွင် တင်ပြသွားမည်ဖြစ်ပါသည်။**


### ကဏ္ဍအမျိုးအစားများခွဲခြားထား

အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ကြသည့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ယေဘုယျအားဖြင့် ကဏ္ဍအမျိုးအစား ၁၁ မျိုး ခွဲခြားထားရှိပါသည်။ ၎င်းတို့မှာ - ဒြပ်ရှိယဉ်ကျေးမှုဆိုင်ရာစီမံကိန်းများ (tangible cultural heritage)၊ ယဉ်ကျေးမှုဗိသုကာပညာရပ်ဆိုင်ရာ စီမံကိန်းများ (architecture)၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဖန်တီးတီထွင်မှုလုပ်ငန်းများ (creative industry)၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ခင်းကျင်းပြသပွဲများ (exhibition)၊ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာစီမံကိန်းများ (intangible cultural heritage)၊ စာကြည့်တိုက်ဆိုင်ရာစီမံကိန်းများ (library)၊ စာပေများ (literature)၊ ပြတိုက်များ (museum)၊ အနုသုခုမပညာနှင့် သက်ဆိုင်သောစီမံကိန်းများ (performing arts)၊ ခေတ်ပြိုင်အနုပညာများ(contemporary arts)၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာမူဝါဒများနှင့် စပ်လျဉ်းသည့် စီမံကိန်းများ(policy)ဟူ၍ အကြမ်းဖျင်း ခွဲခြားနိုင်ပါသည်။ ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍအောက်ရှိ စီမံကိန်းများ၊ လုပ်ငန်းများစာရင်းကိုအခြေခံ၍ အာဆီယံယဉ်ကျေးမှုရန်ပုံငွေမှ ထောက်ပံ့ပေးသော ရန်ပုံငွေကို အသုံးပြုပြီး (၂၀၀၈-၂၀၁၈) ကာလအတွင်း ဆောင်ရွက်ထားရှိပြီးသော ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ၊ စီမံကိန်းများတွင် အနုသုခုမပညာ ပူးပေါင်းဆောင်ရွက်မှုသည် အများဆုံး ဖြစ်ပြီး စုစုပေါင်း ၂၉ ရာခိုင်နှုန်း၊ ဒြပ်ရှိယဉ်ကျေးမှုလှုပ်ရှားဆောင်ရွက်မှုမှာ ဒုတိယ အများဆုံးဖြစ်ပြီး ၂၂ ရာခိုင်နှုန်း၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမှာ ၁၁ ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသော နယ်ပယ်များ၏ စီမံကိန်းလုပ်ငန်းရာခိုင်နှုန်းကို အောက်ပါဇယားချပ်တွင် လေ့လာနိုင်ပါသည်-




### ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားမှုများ

ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို အောက်ဖော်ပြပါ အတိုင်း အမျိုးအစား ကိုးမျိုးခွဲခြား၍ ပူးပေါင်းဆောင်ရွက်ကြခြင်း ဖြစ်ပါသည်- အလုပ်ရုံဆွေးနွေးပွဲ (workshop)၊ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring and Evaluation)၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ် (capacity building)၊ ပြိုင်ပွဲများ (competition)၊ ဖိုရမ် / ဆွေးနွေးပွဲအစီအစဉ် (forum)၊ ပြပွဲအစီအစဉ် (exhibition)၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေး အစီအစဉ်များ (people-to-people exchange)၊ ပုံနှိပ်ထုတ်ဝေခြင်း (publication)၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဖော်ထုတ်ပြသခြင်းအစီအစဉ် (showcase) များ စသည်ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်ပြီးစီးခဲ့သော အဆိုပါစီမံချက်များအနက် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဖော်ထုတ်ပြသခြင်း အစီအစဉ်ကဏ္ဍအောက်တွင် လုပ်ငန်းအမျိုးအစားပေါင်းကို ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲများကို ၂၅ ရာခိုင်နှုန်း၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေး အစီအစဉ်များကို ၁၄ ရာခိုင်နှုန်း ဆောင်ရွက်ထားရှိခဲ့ပြီး အခြားကဏ္ဍများရှိ ဆောင်ရွက်ပြီးစီးခဲ့သည့် ရာခိုင်နှုန်းများကို အောက်ပါဇယားတွင် လေ့လာနိုင်ပါသည်-




> **"အာဆီယံ၏ ယဉ်ကျေးမှုဆိုင်ရာ အသိပညာကို မြှင့်တင်ရန်အတွက် ခေတ်မီ မီဒီယာများကို အသုံးပြုရန် လိုအပ်နေပါသေးသည်။ ယနေ့ခေတ်တွင် မျိုးဆက်သစ်လူငယ်များသည် ဆိုရှယ်မီဒီယာများကို ကျယ်ပြန့်စွာ အသုံးပြုနေကြပြီ ဖြစ်သည့် အတွက် ယဉ်ကျေးမှုဆိုင်ရာ အသိပညာကို လူငယ်များထံသို့ အရောက်ပို့ပေးနိုင်သော လမ်းကြောင်းအဖြစ် ဆိုရှယ်မီဒီယာကို အသုံးပြုနိုင်ရမည်ဖြစ်"**

### လေ့လာတွေ့ရှိနိုင်

အထက်ဖော်ပြပါ အချက်အလက်များအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဖွဲ့အစည်းများ၊ အေဂျင်စီများသည် ယနေ့ကြုံတွေ့နေရသော မတူညီသည့် ယဉ်ကျေးမှုဆိုင်ရာ ယှဉ်တွဲတည်ရှိနေမှု၏ စိန်ခေါ်မှုများ၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးကိစ္စရပ်များ၊ ရှေးဟောင်းသုတေသနနှင့် သမိုင်းကြောင်းဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးဆိုင်ရာ သဟဇာတမရှိမှုနှင့် သံသယများကို ဖြေရှင်းနိုင်ရန်အတွက် တက်ကြွစွာဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ သို့ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်ရှိသော လူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန်အတွက် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်သော ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ဖော်ဆောင်ပေးကြရန် လိုအပ်ဦးမည် ဖြစ်ပါသည်။

သို့ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများသည် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၅) အား စုပေါင်းရေးဆွဲခဲ့ကြပြီး ၂၀၂၅ အာဆီယံ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ကဏ္ဍကြီးတစ်ခုလုံး၏ ကတိကဝတ်များ ပြည့်စုံစေရန်အတွက် အထောက်အပံ့ပေးသော အခြေခံအုတ်မြစ်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ မဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၅)တွင် ပါဝင်သော အဓိကမဟာဗျူဟာအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**မဟာဗျူဟာ ၁၊** အာဆီယံအသိုက်အဝန်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာနှင့် အနုစ်သာရတန်ဖိုးများအား အသိအမှတ်ပြုမှုကို တိုးမြှင့်ရန်အတွက် အာဆီယံစိတ်ဓာတ်နှင့် သွင်ပြင်လက္ခဏာများမြှင့်တင်မှုကို ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေး ချဉ်းကပ်မှုနည်းလမ်းဖြင့် အားပေးမြှင့်တင်ရန်၊

**မဟာဗျူဟာ ၂၊** မတူကွဲပြားသည့် အခြားသောယဉ်ကျေးမှုများကို နားလည်မှုလွဲမှားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အစွန်းရောက်အကြမ်းဖက်မှုကို တန်ပြန်တုံ့ပြန်ရန်အတွက် ယဉ်ကျေးမှုများ အချင်းချင်း အပြန်အလှန်နားလည်မှု တိုးတက်လာစေရန် အာဆီယံဒေသအား ပေါင်းစည်းပေးနိုင်သော ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကို အားဖြည့်ခြင်းဖြင့် အာဆီယံ ကွဲပြားခြားနားသော ယဉ်ကျေးမှုများကို မြှင့်တင်ရန်၊

**မဟာဗျူဟာ ၃၊** ယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးအပါအဝင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပါဝင်သော ယဉ်ကျေးမှုအရှိန်အဝါအတွက် အာဆီယံဒေသတွင်းနေ ပြည်သူများ၏ ယဉ်ကျေးမှုရေးရာ အခွင့်အရေးများအား အသိအမှတ်ပြုရန်၊

**မဟာဗျူဟာ ၄၊** အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆန်းသစ်တီထွင်မှုများ၊ လူမှုဘဝအသက်မွေးမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် တီထွင်ဖန်တီးမှုရှိသောလုပ်ငန်းများကို မျှဝေထောက်ပံ့ပေးရန်၊

**မဟာဗျူဟာ ၅၊** ယဉ်ကျေးမှုနှင့် အမွေအနှစ် ဆိုင်ရာစီမံခန့်ခွဲမှုကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများ၊ အဖွဲ့အစည်းများနှင့် မူဝါဒချမှတ်သူများအကြား ပူးပေါင်းရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

**မဟာဗျူဟာ ၆၊** အာဆီယံအား ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတွင် တက်ကြွသော အဖွဲ့ဝင်ဖြစ်လာစေရန်အတွက် ၎င်း၏ ယဉ်ကျေးမှုအခန်းကို မြှင့်တင်ရန်။

### ခေတ်မီ မီဒီယာများ အသုံးပြုရန်လိုအပ်

ယခုနှစ်များအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အာဆီယံယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များနှင့် ပူးပေါင်းလှုပ်ရှားမှုများသည် အာဆီယံပြည်သူများထံမှ အပြုသဘောဆောင်သော အားပေးမှုများကိုရရှိခဲ့ပြီး အဆိုပါရလဒ်သည် အာဆီယံနှင့် ၎င်း၏ ယဉ်ကျေးမှုများအား ပြည်သူများ သိရှိလာရန် ပိုမိုကူညီပေးနိုင်ခဲ့သည်။ သို့ရာတွင် အာဆီယံ၏ ယဉ်ကျေးမှုဆိုင်ရာ အသိပညာကိုမြှင့်တင်ရန်အတွက် ခေတ်မီ မီဒီယာများကိုအသုံးပြုရန် လိုအပ်နေပါသေးသည်။ ယနေ့ခေတ်တွင် မျိုးဆက်သစ်လူငယ်များသည် ဆိုရှယ်မီဒီယာများကို ကျယ်ပြန့်စွာ အသုံးပြုနေကြပြီဖြစ်သည့်အတွက် ယဉ်ကျေးမှုဆိုင်ရာ အသိပညာကို လူငယ်များထံသို့ အရောက်ပို့ပေးနိုင်သော လမ်းကြောင်းအဖြစ် ဆိုရှယ်မီဒီယာကို အသုံးပြုနိုင်ရမည်ဖြစ်ပါသည်။ အာဆီယံအသိပညာ မြှင့်တင်ရေးဆောင်ရွက်ချက်သည် အင်တိုက်အားတိုက်ရှိပြီး သဟဇာတရှိသည့် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာရေးအတွက် " **ဘန်ဒါဆရီဘီဂါဝန် ကြေညာချက်**" အညီ "**အာဆီယံ၏သွင်ပြင်လက္ခဏာနှင့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ မြှင့်တင်ရန်**" ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာအခန်းကဏ္ဍ၏ အနာဂတ်သည် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၅) ပါ စီမံကိန်းများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် မဟာဗျူဟာ ၆ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှုအပေါ်တွင် များစွာမူတည်နေပါသည်။

သို့ဖြစ်၍ အာဆီယံဒေသတွင်း ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပုံဖော်နိုင်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအပါအဝင် ပြည်သူများအားလုံး၏ တာဝန်ပင် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ထန်းတပင်မြို့နယ်၌ ထူးကဲဒီရေ ပြန်လည်ကျဆင်း၍ ကျောင်းပေါင်း ၂၁ကျောင်းပြန်လည်ဖွင့်

**ထန်းတပင် ဩဂုတ် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကုက္ကိုဝမြစ် ထူးကဲဒီရေ ပြန်လည်ကျဆင်းလာမှုကြောင့် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၁ ကျောင်းကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထန်းတပင်မြို့နယ်အတွင်း၌ ဩဂုတ် ၁၂ ရက်မှစတင်ကာ ထူးကဲဒီရေမြင့်တက်



လာမှုကြောင့် ဩဂုတ် ၁၃ ရက်တွင် အခြေခံပညာကျောင်း ခုနစ်ကျောင်း၊ ဩဂုတ် ၁၄ ရက်တွင် အခြေခံပညာကျောင်း ၁၀ကျောင်း၊ ဩဂုတ် ၁၅ ရက်တွင် အခြေခံပညာကျောင်း လေးကျောင်း နှင့် ဩဂုတ် ၁၆ ရက်တွင် အခြေခံပညာကျောင်း လေးကျောင်း စုစုပေါင်း ၂၅ ကျောင်းတို့ကို ယာယီပိတ်ထားရာမှ ဩဂုတ် ၁၇ ရက်တွင် မြစ်ရေပြန်လည်ကျဆင်းလာသောကြောင့် အခြေခံပညာမူလတန်းကျောင်း ၁၇ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)- တစ်ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း စုစုပေါင်း ၂၁ ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်နိုင်သော်လည်း မူလွန် (ထိန်နှစ်ပင်)၊ အ.မ.က (အောင်ချမ်းသာ)၊ အ.မ.က (သောင်တော) ကျောင်းနှင့် အ.မ.က(ခွဲ) ဘေးမခ အရှေ့စု ရွာသစ်ကျောင်း လေးကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်ရန် ကျန်ရှိနေသေးကြောင်းသိရသည်။

အဆိုပါ ပြန်လည်ဖွင့်လှစ်ရန် ကျန်ရှိနေသေးသည့် အခြေခံပညာကျောင်း လေးကျောင်းနှင့် ဖွင့်လှစ်ပြီး ကျောင်း ၂၁ ကျောင်းတို့မှ ကျောင်းသား ကျောင်း သူ ကလေးငယ်များ၏ ယာယီကျောင်းပိတ်ရက်များကို ဩဂုတ် ၂၆ ရက်၊ စက်တင်ဘာ ၃ ရက်နှင့် ၉ ရက်တို့တွင် ကျောင်းသင်ခန်းစာများ ပြန်လည်အစားထိုး လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား ကျောက်မဲမြို့နယ်၌ နေ့ချင်းပြီးဆောင်ရွက်ပေး

**သီပေါ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် မိုင်းလုံ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မှတ်ပုံတင်ရရှိရေးအတွက် နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ကျောင်းအစည်းအဝေးခန်းမဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရေး အကျိုးတော်ဆောင် မြို့မိ မြို့ဖ ဦးစိုင်းနော်ခမ်းက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသန်းဌေးက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ အသုံးဝင်ပုံနှင့် စနစ်တကျထိန်းသိမ်းရေးတို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မိုင်းလုံ အ ထ က မှ ကျောင်းသား ကျောင်းသူ ၁၃၄ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လဝကဦးစီးမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မောင်ခင်မင် (ဓနုဖြူ) စာအုပ်တစ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**
မောင်ခင်မင် (ဓနုဖြူ)၏ စာအုပ်တစ်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာခန်းမ၌ ကျင်းပသည်။

**အမှတ်တရစကားပြောကြား**

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ၊ ဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာကြီးမင်းသုဝဏ်မိသားစုဝင် ဦးထင်ကျော် (စာရေးဆရာဒလဘန်း)က အမှတ်တရစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ မြန်မာစာမိသားစုဝင် ဆရာကြီး၊ ဆရာမကြီးများ၊ မြန်မာစာကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

"မြန်မာစာကျောင်းသားဟောင်းတွေက စာအုပ်တစ်ရာပြည့်တဲ့အထိမ်းအမှတ်အနေနဲ့ အခမ်းအနားလုပ်မယ်ဆိုပြီး စီစဉ်ခဲ့တာပါ။ အဲဒီတုန်းကတော့ စာအုပ်(၁၀၀) ပြည့်က ဘာစာအုပ်မှန်း မသိခဲ့ပါဘူး။ အခုတော့ ဆရာကြီးမင်းသုဝဏ်ရဲ့စာပေဂုဏ်ကို ဖော်ထုတ်တဲ့ မင်းသုဝဏ်ဋီကာ စာအုပ်ဖြစ်နေတယ်။ ကျွန်တော်တို့ မြန်မာစာအနေနဲ့ ပိုမိုဂုဏ်ယူပြီးလုပ်ကြတာပါ။ အခုလိုဆရာကြီးကို ဂုဏ်ပြုတဲ့သဘောလည်း ပါတယ်။ ကျွန်တော့်စာအုပ် တစ်ရာပြည့်တဲ့ သဘောလည်းပါတယ်။အဲဒါကို မြန်မာစာဌာန၊ မြန်မာစာမိသားစု၊ မြန်မာစာကျောင်းသားဟောင်းတွေက စာပေပရိသတ်တွေဖိတ်ပြီး အခုလိုကျင်းပတဲ့ အခမ်းအနားက မြန်မာစာရဲ့ဂုဏ်ကျေးဇူးကိုဖော်ထုတ်တဲ့ သဘောဖြစ်တယ်လို့ အလေးအနက်ခံယူပါတယ်။ ဝမ်းသာပါတယ်။ ဂုဏ်လည်း ယူပါတယ်။ ဒီစာအုပ်မှာ ဆရာကြီးမင်းသုဝဏ်ရဲ့စာပေဘဝနဲ့ ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ချက်တွေ၊ ငယ်စဉ်ကတည်းက ကဗျာဆရာကြီးတစ်ဦးအနေနဲ့ ကဗျာတွေ စရေးပြီး နယ်ပယ်အသီးသီးမှာ စာပေရော၊ ဘာသာစကားရော၊ ရသရောသုတစာပေပါ စာပေလောကကို ဆွဲဆောင်ခဲ့တဲ့ ကျွန်တော်တို့ ကြည်ညိုလေးစားရတဲ့ မြန်မာစာဌာနရဲ့ ဖခင်ကြီးသဖွယ်လည်း ဖြစ်တဲ့ ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်ချင်တဲ့အတွက် ဒီစာအုပ်ကို လေး၊ ငါးနှစ်လောက် အချိန်ယူပြီး ရေးသားထားတာပါ။ လူငယ်ပရိသတ်အနေနဲ့ ဆရာကြီးဆီက နမူနာယူစရာ၊ အားကျစရာ၊ မှတ်သားစရာတွေ အများကြီးရနိုင်ပါတယ်"ဟု ဆရာမောင်ခင်မင် (ဓနုဖြူ)က ပြောသည်။

**စာပေပါရဂူဘွဲ့ချီးမြှင့်ခဲ့**

ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)သည် ဓနုဖြူမြို့နယ် ကျုံတနီးရွာဇာတိဖြစ်ပြီး မိဘများမှာဦးရာမ၊ ဒေါ်စောတင်တို့ ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေ ဂုဏ်ထူးဘွဲ့ကို ပထမတန်းဂုဏ်ထူးဖြင့်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ချီးမြှင့်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပုသိမ်ကောလိပ်၊ မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဌာနမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၉၇ မှ ၁၉၉၉ ခုနှစ်အထိဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယခုအခါ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**စာတမ်း ၄၀ ခန့် ရေးသားပြုစုပြီး**

၁၉၅၇ ခုနှစ်မှ စတင်၍ စာနယ်ဇင်းများတွင် ဆောင်းပါးများ၊ ရသစာတမ်းများရေးသားခဲ့သည်။ ဆရာမောင်ခင်မင် (ဓနုဖြူ) ရေးသားခဲ့သည့် ပထမဆုံးစာအုပ်မှာ ၁၉၇၉ ခုနှစ်က ထုတ်ဝေခဲ့သည့် စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ ဖြစ်သည်။ ယခုအခါ ဆောင်းပါးပေါင်း ၂၀၀၀ ကျော်၊ စာအုပ် ၁၀၀ နှင့် သုတေသန စာတမ်း ၄၀ ခန့် ရေးသားပြုစုပြီးဖြစ်သည်။

ဆရာမောင်ခင်မင် (ဓနုဖြူ)၏ စာအုပ်တစ်ရာပြည့် ဂုဏ်ပြုပွဲကို တက်ရောက်လာသူ တစ်ဦးဖြစ်သည့် ကဗျာဆရာ သုလင်းဝေက " ဆရာကြီးဦးခင်အေးက ကျွန်တော်တို့ရဲ့ အနန္တကျေးဇူးရှင်ဆရာကြီးပါ။ သူ့ကို တတ်နိုင်သလောက်ပူဇော်တဲ့အနေနဲ့ ဒီနေ့ပွဲကို တက်ရောက်လာရခြင်း ဖြစ်ပါတယ်။ မြန်မာစာမိသားစု၊ မြန်မာစာကျောင်းသားဟောင်းတွေက ဒီပွဲကို ဦးဆောင် ကျင်းပပေးတယ်။ အဲဒီအတွက်ကြောင့် တစ်နိုင်ငံလုံးက မြန်မာစာမိသားစုတွေ ပြန်ဆုံကြတယ်။ ဆရာကြီးကို ဂါရဝပြုကြတယ်။ ဆရာကြီးအပေါ်မှာ လေးစားတန်ဖိုးထားတဲ့ မြန်မာစာမိသားစုရဲ့ခလေ့ကို မြင်ရတဲ့အတွက် ရင်ထဲမှာ အင်မတန်ပီတိဖြစ်ရပါတယ်။ နောက်ပြီး အခုထွက်ရှိတဲ့ မင်းသုဝဏ်ဋီကာစာအုပ်က ဆရာကြီးရဲ့စာပေဘဝနဲ့ လူမှုဘဝကို ပြည့်ပြည့်စုံစုံ ရေးထားတာဖြစ်တဲ့အတွက် လူငယ်တွေကအစ၊ ပညာရှင်တွေအဆုံး၊ အမြတ်တနိုး သုံးစွဲသင့်တဲ့စာအုပ်အဖြစ် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်" ဟုပြောသည်။



မောင်ခင်မင် (ဓနုဖြူ)

**နန္ဒာဝင်း၊ ဓာတ်ပုံ- လှမိုး**

# မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင်(ဒေသအဆင့်) အသိအမှတ်ပြုအပ်နှင်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

**မြဂနိုင်ရုပ်ရှင် ဇာတ်ကားအား UNESCO စာရင်းဝင်(ဒေသအဆင့်) အသိအမှတ်ပြုအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ အနုပညာရုပ်ဝန်းရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)



ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်ပတ်သက်ပြီး တာဝန်ရှိသည်နှင့်အညီ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်ဇာတ်ကားအသစ်များစွာ ထုတ်လုပ်နေသကဲ့သို့ အလွန်တန်ဖိုးရှိသော ဇာတ်ကားအဟောင်းများ မပျောက်ပျက်စေရန်အတွက် ထိန်းသိမ်းရေးကိုလည်း ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်နေကြပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရန်ကုန်မြို့တွင်ရှိသည့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ " ဖလင်ပိုင္ခကတ်တိုက်"ကို ထည့်သွင်းဆောက်လုပ်ထားပြီး ကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိသော်လည်း ရုပ်ရှင်ဖလင်ထိန်းသိမ်းရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်နေပါကြောင်း။

**ရုပ်ရှင်ထိန်းသိမ်းရေးအပိုင်း အောင်မြင်**

ရုပ်ရှင်ဖလင်ထိန်းသိမ်းရေးအတွက် လူငယ်များ ဦးဆောင်ပါဝင်ပြီး ကျွမ်းကျင်တတ်မြောက်သူများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် Save Myanmar Film (SMF) နှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးတွဲပြီးလုပ်ဆောင်ခဲ့မှုကြောင့်"မြဂနိုင်" ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင် (ဒေသအဆင့်) အသိအမှတ်ပြုခံရသည့် အဆင့်ကို ရောက်ရှိခဲ့ပါကြောင်း၊ ရုပ်ရှင်ထိန်းသိမ်းရေးအပိုင်းတွင် အများအသိအမှတ်ပြုခံရပြီး အောင်မြင်မှုရရှိခဲ့သဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် ထိုသို့ အောင်မြင်မှုရရှိနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင် (ဒေသအဆင့်) အသိအမှတ်ပြုလက်မှတ်အား (UNESCO) မြန်မာအမျိုးသားကော်မရှင်အတွင်းရေးမှူး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

**ရုပ်ရှင်စတူဒီယိုတည်ထောင်ရန်**

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်ဇာတ်ကားများ ဖလင်ဖြင့် ထုတ်လုပ်သည့်စနစ်မှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လုပ်သည့် စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ရာမှ ရုပ်ရှင်ပိတ်ကားများ တိုးတက်လာမှု၊ ရုပ်ရှင်ဇာတ်ကားများ တိုးတက်ထုတ်လုပ်လာနိုင်မှု၊ ပြည်ပမှတင်သွင်းသည့် ရုပ်ရှင်ဇာတ်ကားများ လျော့နည်းလာမှု၊ နိုင်ငံတော်မှ ရုပ်ရှင်ရုံသစ်များ ထပ်မံပေါ်ထွန်းလာရန် ရုပ်ရှင်ဇာတ်ကားများတိုးမြှင့် ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ တည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာ့ဂန္ထဝင် ရှေးဟောင်းဇာတ်ကားများ ထိန်းသိမ်းဆောင်ရွက်နေမှု၊ မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို Save Myanmar Film (SMF) အဖွဲ့နှင့် ပူးပေါင်းတင်သွင်းခဲ့မှုနှင့် UNESCO စာရင်းဝင် ( ဒေသအဆင့် ) အသိအမှတ်ပြုလက်မှတ်အပ်နှံခံရမှု ဆက်လက်ပြီး အောင်မြင်မှုများ ထပ်မံရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ထိုသို့ အသိအမှတ်ပြုနိုင်ရေးအတွက် အဘက်ဘက်မှ ပူးတွဲပြီး ကူညီလုပ်ဆောင်ခဲ့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က UNESCO စာရင်းဝင် (ဒေသအဆင့်)အသိအမှတ်ပြု လက်မှတ်ရရှိအောင် ကူညီဆောင်ရွက်ပေးသည့် Save Myanmar Film ပရောဂျက်ဒါရိုက်တာ ဦးဥက္ကာကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**မြဂနိုင်ဇာတ်ကား လွှဲပြောင်းပေး**

မြဂနိုင်ရုပ်ရှင် ဇာတ်ကားကို မြန်မာနိုင်ငံအခြေစိုက် ပြင်သစ်သံရုံးနှင့် Memory Film Festival အဖွဲ့တို့ ပူးပေါင်းပြီး Restoration ပြုလုပ်ခဲ့ကြောင်း၊ ၎င်းရုပ်ရှင်ဇာတ်ကားကို UNESCO ကကြီးမှူး၍ ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ကမ္ဘာ့အမွေအနှစ်မှတ်တမ်း Memory of the World အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့စဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Save Myanmar Film (SMF) တို့ ပူးပေါင်း၍ MoW အမည်စာရင်းတင်သွင်းခဲ့ရာ UNESCO စာရင်းဝင် (ဒေသအဆင့်)အသိအမှတ်ပြုလက်မှတ် အပ်နှံခံရခြင်းဖြစ်ကြောင်း၊ ၎င်းအသိအမှတ်ပြုလက်မှတ်နှစ်ခုကို Save Myanmar Film (SMF)အဖွဲ့မှ ပရောဂျက်ဒါရိုက်တာ ဦးဥက္ကာထံ ယခုနှစ် ဇွန် ၆ ရက်တွင် ပေးအပ်ခဲ့ပြီး ယနေ့တွင် ၎င်းရုပ်ရှင်ဇာတ်ကား လက်ဝယ်ပိုင်ဆိုင်သူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာ ဆွေးနွေးကြစေလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသည်နှင့်အညီ ဘတ်ဂျက်ကန့်သတ်ချက်ရှိသော်လည်း တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်ပြီးလည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာပေပညာရှင်များက စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ ကြုံတွေ့ရသောအခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ပြုလုပ်

ရန်ကုန် ဩဂုတ် ၁၈

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Chatrium Hotel တွင် ပြုလုပ်ရာ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦး၊ စာရေးဆရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး၊ တစ်ဦးချင်းကိုယ်စားလှယ်လောင်း သုံးဦး စုစုပေါင်း ၁၀ ဦး ရွေးချယ်ခဲ့ကြောင်း သိရသည်။**

**ဆန္ဒမဲပေးရွေးချယ်**

ထိုသို့ ရွေးချယ်ခဲ့ရာတွင် သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦးကို ကိုယ်စားလှယ်လောင်း ၅၁ ဦးက ဆန္ဒမဲပေးရွေးချယ်ခဲ့ရာ ဦးကျော်စွာမင်း (MJA)၊ ဦးချစ်ဝင်းမောင်(MJU)၊ ဦးဇင်လင်း(ခ) ဦးဌေးအောင်(BNI))၊ ဦးမြင့်ကျော်(MJN)၊ ဒေါ်အိအိတင်(MJA)တို့က လည်းကောင်း၊ စာရေးဆရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦးကို ကိုယ်စားလှယ်လောင်း ၅၁ ဦးက ဆန္ဒမဲပေးရွေးချယ်ရာ ဦးဇေယျ(သားကြီးမောင်ဇေယျ)၊ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က လည်းကောင်း၊ တစ်ဦးချင်းကိုယ်စားလှယ်လောင်းများမှ ကိုယ်စားလှယ်သုံးဦးကို ကိုယ်စားလှယ်လောင်း ၅၀ က မဲပေးရွေးချယ်ခဲ့ရာ ဦးကျော်မင်းဆွေ၊ ဦးဇေယျာလှိုင်၊ ဦးလှိုင်းသစ်ဇင်ဝေ(ခ) သာလွန်ဇောင်းထက်တို့ အသီးသီး ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။



**အမည်စာရင်း ဆန္ဒပြု**

ယနေ့ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲသို့ သတင်းမီဒီယာအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ(MJU)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ နိုင်ငံတကာ မြန်မာသတင်းဌာန(BNI)၊ မြန်မာအမျိုးသမီး သတင်းသမားများအဖွဲ့(MWJS)၊ မြန်မာရုပ်သံထုတ်လုပ်သူများအသင်း (Myanmar Broadcasting Association-MBA)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(MPC) တို့မှ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီဖြင့် ခုနစ်ဦး၏ အမည်စာရင်းကို ဆန္ဒပြုရွေးချယ်ပေးပို့ထားကြောင်း သိရသည်။

ထို့အတူ အခြားဝင်ရောက်ယှဉ်ပြိုင်သူများဖြစ်သည့် သတင်းအေဂျင်စီများမှ တစ်ဦး၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းမှ တစ်ဦး၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းမှ တစ်ဦး၊ ကာတွန်းရုပ်ပြဆရာအဖွဲ့အစည်းမှ တစ်ဦး၊ လူမှုရေး၊ စီးပွားရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် အဖွဲ့အစည်းများက ရွေးချယ်အဆိုပြုသည့် ကိုယ်စားလှယ်လောင်း ငါးဦးတို့၏ အမည်စာရင်းများကို ၎င်းတို့၏ အဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ပေးပို့ထားပြီးဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ် တစ်ဦးတို့၏ အမည်စာရင်းများလည်း ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

**သက်ဆိုင်ရာကို ကန့်ကွက်လို့ရ**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟစောက "အဖွဲ့အစည်းတွေ ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေအပြင် အစိုးရဘက်က အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်သမ္မတက အဆိုပြုတဲ့သူတွေရှိတယ်။ အဲဒီသုံးဦးကို အစိုးရက ခန့်လိုက်ပြီလားလို့ မေးစရာရှိတယ်။ နိုင်ငံတော်အစိုးရက အတင်းခန့်အပ်တာ မဟုတ်ဘူး။ အဆိုပြုတာပါ။ နိုင်ငံတော်သမ္မတရုံးက အဆိုပြုတဲ့သူကို လက်မခံမနေရ မဟုတ်ဘူး။ မကြိုက်ရင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကတော့ ပြောခွင့်မရှိဘူး။ ရွေးချယ်တင်မြှောက်ခံရတဲ့ကိုယ်စားလှယ်တွေထဲက ကောင်စီဝင်ဖြစ်သွားတဲ့သူတွေက ကျွန်တော်တို့ကတော့ဖြင့် သူ့ကိုမကြိုက်ပါဘူးဆိုပြီး သက်ဆိုင်ရာတွေကို စာနဲ့ကန့်ကွက်လို့ရပါတယ်" ဟု ပြောသည်။

ယနေ့ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်လောင်းများအား ကန့်ကွက်လိုသူများရှိပါက ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သို့ တရားဝင်ကန့်ကွက်စာတင်ပြီး ကန့်ကွက်နိုင်ကြောင်း သိရသည်။

**သီသီမင်း၊ ဓာတ်ပုံ-အေးမင်းသူ**

# ဗဟိုဘဏ်က လတ်တလော ဈေးကွက်အတွင်း နိုင်ငံခြားငွေအခက်အခဲဖြစ်ပေါ်နေမှုအား ဖြည့်ဆည်းသွားမည်ဖြစ်

**အမေရိကန်ဒေါ်လာဈေး မတည်ငြိမ်မှုနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ဦးစိုးသိန်း(ဒုတိယ ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

အမေရိကန်ဒေါ်လာတန်ဖိုးက လွန်ခဲ့တဲ့ ခြောက်လကတည်းက တက်နေပါတယ်။ အဲဒီအတွက် အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် ကမ္ဘာအရပ်ရပ်မှာရှိတဲ့ နိုင်ငံတွေရဲ့ငွေကြေးတွေတန်ဖိုးကျသွားပါတယ်။ အဲဒီအထဲ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ နိုင်ငံတစ်ခုနဲ့တစ်ခုက မတူပါဘူး။ ဥပမာ ငွေကြေးတန်ဖိုး အများဆုံးကျတဲ့နိုင်ငံဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံက အများဆုံးပါ။ ၁၂ ရာခိုင်နှုန်း၊ ၁၃ ရာခိုင်နှုန်းလောက် တန်ဖိုးကျသွားပါတယ်။

ကျွန်တော်တို့နောက်မှာ တရုတ်ပါ။ တရုတ်က ၉ ရာခိုင်နှုန်းလောက်ကျတဲ့အတွက် သူလည်း တန်ဖိုးကျတဲ့ ငွေကြေးတစ်ခု ဖြစ်ပါတယ်။ အဲဒီနောက် ပျမ်းမျှကြည့်မယ်ဆိုရင် ၆ ရာခိုင်နှုန်းလောက်အထိ ကျတယ်လို့ဆိုနိုင်ပါတယ်။ ဒါကြောင့် ပထမဆုံး locate လုပ်နိုင်တာက Exchange Rate၊ မြန်မာနိုင်ငံရဲ့ငွေကြေးကျသွားတဲ့ အဓိက ပင်မပြဿနာက အမေရိကန်ဒေါ်လာတန်ဖိုးတက်တာက စခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့မှာလည်း Structural Problem ပေါ့။ စီးပွားရေးအချိုးမညီမျှမှု ပြဿနာလေးတွေရှိပါတယ်။ အဓိက က ကုန်သွယ်မှုလိုငွေပါ။

ကျွန်တော်တို့ရဲ့ သွင်းကုန်က အမြဲတမ်း ပို့ကုန်ထက် တန်ဖိုးကပိုနေတဲ့အတွက် ကုန်သွယ်မှုလိုငွေက ပြီးခဲ့တဲ့နှစ်မှာ ၃ ဒသမ ၈ ထိဖြစ်တယ်။ အဲဒီမတိုင်မီ နှစ်နှစ်လောက်ကဆိုရင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံလောက်အထိ ဖြစ်ခဲ့တယ်။

အဲဒီလိုအကြောင်းတွေ ပေါင်းစုံသွားတော့ External Factor နဲ့ Structure တွေကို ဖယ်လိုက်ပြီးလုပ်ဖို့ကို ဗဟိုဘဏ်က ဝင်ပြီးလုပ်မှာ မဟုတ်ပါဘူး။ အခုက Temporary Liquidity Shortage ဖြစ်တဲ့အတွက် ဗဟိုဘဏ်အနေနဲ့ ဇူလိုင် ၂၆ ရက်ကစပြီး လေလံ (auction) ကနေ ရောင်းပေးပါတယ်။ ဒါပေမယ့် ဈေးကွက်လိုအပ်ချက်က ကြီးလွန်းတဲ့အတွက် သိပ်ပြီးထိရောက်မှု မရှိခဲ့ပါဘူး။ ဩဂုတ် ၁၆ ရက်ကဆိုရင် ဒေါ်လာ ၄ သန်းလောက်ထိ ရောင်းပေးခဲ့ပါတယ်။ ပထမ ၂၆ ရက်ကစပြီး တစ်ရက် တစ်သိန်းနှုန်းနဲ့ ၁၃ ရက်ရောင်းပါတယ်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းပါ။ ဩဂုတ် ၁၅ ရက်အထိ ၁ ဒသမ ၆၅ သန်းရောင်းပါတယ်။ သို့သော်လည်း ဈေးကွက်က ဘာဖြစ်သလဲဆိုတော့ ဗဟိုဘဏ်က ဖြည့်ဆည်းပေးသော်လည်း ဈေးကစားတဲ့သူတွေက ရှိနေတဲ့အတွက်ကြောင့် ဈေးကွက်က တောင့်ခံထားတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။

နောက်ထပ် အစီအစဉ်တစ်ခုကို မိတ်ဆက်ပါမယ်။ နောက်အစီအစဉ်က ဘာလဲဆိုတော့ Currency SWAP ဆိုတဲ့ အစီအစဉ်ပါ။ အဲဒီ Currency SWAP ဆိုတဲ့ အစီအစဉ်ကတော့ လေလံနဲ့စာရင် သူ့မှာ ပိုကောင်းတဲ့အချက်လေးက လေလံမှာတော့ ရောင်းလိုက်တဲ့ငွေက ကျွန်တော်တို့ရဲ့အရန်ငွေကြေး (Reserve) ထဲက လျော့သွားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ထိန်းထိန်းသိမ်းသိမ်း လုပ်ဖို့လိုတယ်။ Currency SWAP (ကာလအပိုင်းအခြားတစ်ခုသတ်မှတ်၍ လိုအပ်သော နိုင်ငံခြားငွေ ခေတ္တသုံးစွဲခွင့်ပြုခြင်း) က ခဏချေးတာဖြစ်ပါတယ်။ ကျပ်ငွေကို ဗဟိုဘဏ်ကို အပေါင်ပေးထားရမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ထုတ်ပေးမယ်။ သတ်မှတ်ကာလတစ်ခုပြီးရင် ပြန်ဆပ်ရမှာဖြစ်တဲ့အတွက်ကြောင့် Foreign Exchange Reserve က ကျဆင်းသွားမယ့် အန္တရာယ်မရှိဘူး။ သို့ပေမယ့် သူ့မှာလည်း Risk တွေရှိပါတယ်။ ပြန်မဆပ်ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ Risk တွေတော့ရှိတယ်။ ထိုက်သင့်တဲ့ Risk ကိုတော့ ယူမှာဖြစ်ပါတယ်။

အဲဒီလိုနည်းအားဖြင့် လတ်တလော နိုင်ငံခြားငွေအခက်အခဲဖြစ်နေတဲ့ ဈေးကွက်ထဲမှာ လိုအပ်နေတာကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီဈေးကွက်ရဲ့ သဘောအရကတော့ ဒီလို Volatile ဖြစ်လာရင် ရုတ်တရက် ထိန်းသိမ်းဖို့ ခက်ခဲတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ခံထားရမှာဖြစ်ပါတယ်။ အခုဖြစ်နေတဲ့နှုန်းအတိုင်း ဖြစ်နေမယ်လို့ မယုံကြည်ပါဘူး။ ဒီနှုန်းထက်နိမ့်တဲ့ နှုန်းမှာ စာရင်းရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ အချိန်နည်းနည်းလေး စောင့်ဖို့လိုတယ်။ ဒီကြားထဲမှာ ဗဟိုဘဏ်က ကိုယ်ကိုယ်တိုင် လုပ်လို့ရတဲ့အရာတွေ ပံ့ပိုးဆောင်ရွက်ပေးသွားမယ်။

နောက်တစ်ခုက ဝန်ကြီးဌာနတွေ ပေါင်းစည်းပြီး လုပ်လို့ရတဲ့ဥစ္စာမျိုးပေါ့။ Re-export အတွက်ကို နည်းနည်းစဉ်းစားပေးပါလို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို မေတ္တာရပ်ခံတဲ့အချိန်မှာ ဒီကိစ္စကို စဉ်းစားပေးမယ်ဆိုတဲ့ အနေအထား ရှိပါတယ်။ တခြားပေါင်းစပ်ညှိနှိုင်း လုပ်လို့ရတဲ့ ကိစ္စတွေကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မွေးကြူဇင်**

> **"မြန်မာနိုင်ငံရဲ့ငွေကြေးကျသွားတဲ့ အဓိက ပင်မပြဿနာက အမေရိကန်ဒေါ်လာတန်ဖိုးတက်တာက စခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့မှာလည်း Structural Problem ပေါ့။ စီးပွားရေးအချိုးမညီမျှမှု ပြဿနာလေးတွေရှိပါတယ်။ အဓိကက ကုန်သွယ်မှုလိုငွေပါ"**

# အရှေ့နဲ့အနောက် မျှော်ကြည့်ခြင်းမှသည် ကမ္ဘာ့ဈေးကွက်ဆီ ....

သတင်းဆောင်းပါး-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ-ယွီချီ၊ ကမ္ဘာ့ဘဏ်

ဒစ်ဂျစ်တယ်ဆိုင်းဘုတ်ထက်မှ အနီရောင်ဖြင့်ဖော်ပြသည့် ဈေးနှုန်းများကိုကြည့်ရင်း ဦးစိန်မောင်က ရောင်းချလျှင်ရမည့် ငွေပမာဏကို တွက်ကြည့်သည်။ မြန်မာငွေကြေး ဈေးကျဆင်းသည်ဆိုဆို၊ ဒေါ်လာဈေးအဆမတန်မြင့်တက်ခြင်းကြောင့် စိုးရိမ်မကင်း ဖြစ်ကြသူများအနက် ဦးစိန်မောင်ကဲ့သို့ ကုန်သွယ်ရေးအဝယ်တော် ကိုယ်စားလှယ် တစ်ဦးသည် ထိပ်ဆုံးက ပါဝင်နေသည်။ ပဲအပါအဝင်၊ ဆန်နှင့် သစ်အချောထည်များ ကို သင်္ဘောတင်ခြင်းလုပ်ငန်းအပြင် စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စအဝဝကို နိုင်ငံခြားကုမ္ပဏီများနှင့် ကုန်သည်တို့ကြား အကောင်းဆုံးဆောင်ရွက်ပေးနိုင် သော်လည်း တရိပ်ရိပ်တက်လာသည့် ဒေါ်လာဈေးကြောင့် ရင်ထိတ်မိသည်ကတော့ အမှန်ပင်ဖြစ်ကြောင်း ဦးစိန်မောင်က ပြောသည်။

လက်ရှိတွင်ဒေါ်လာဈေးနှုန်းများ မြင့်တက်လာသဖြင့် မြန်မာငွေတန်ဖိုးမှာလည်း ကျဆင်းလာသည်။ အခြေခံစားကုန်များအပါအဝင် နေ့စဉ်နှင့်အမျှ ထိတွေ့နေရသည့် အသုံးအဆောင်များအားလုံးသည်လည်း ဈေးမြင့်တက်လာမည်ကို စိုးရိမ်ကြသည်။ ကမ္ဘာပေါ်ရှိ ထိပ်သီးနိုင်ငံများ၏ စီးပွားရေးကစားကွက်သည် မိမိတို့လို အခြေခိုင်ရန် အားထုတ်နေသည့် ဓနအင်အားနည်းပါးသောနိုင်ငံအတွက် စိုးရိမ်စရာလည်း ကောင်းပါသည်။

## ငွေကြေးတန်ဖိုးမြင့်လာဖို့က SMEs တွေ ဖွံ့ဖြိုးမှသာ

"အဓိကပြဿနာက ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးပုံစံပါပဲ။ SMEs တွေ ဖွံ့ဖြိုးနေတဲ့ နိုင်ငံတွေကတော့ ကမ္ဘာ့ငွေကြေးပြဿနာကို ကြုံကြတဲ့အခါ ကြံ့ကြံ့ခံ နိုင်ကြပါလိမ့်မယ်။ ကျွန်တော်တို့က ဈေးကွက်စီးပွားရေးကို အခြေပြုတဲ့နိုင်ငံဖြစ်တာ မို့ များများကုန်သွယ်နိုင်လေ၊ စီးပွားရေးတိုးတက်လေပေါ့။ ကုန်သွယ်တဲ့နေရာမှာ သွင်းရတာများပြီး ပို့ရတာက နည်းနေတာကြောင့် ငွေကြေးဂယက်ကိုကြီးကြီးမားမား ခံကြရတာ။ ဒါကြောင့် များများပို့နိုင်ဖို့လုပ်မှသာ၊ သွင်းတာကို လျှော့နိုင်သလောက် လျှော့ပစ်မှသာ ကုန်သွယ်မှုလိုငွေလျော့ကျပြီး ဈေးနှုန်းကိုထိန်းချုပ်နိုင်မှာ။ ဒါကတော့ ရေရှည်လုပ်ရမယ့်အလုပ် ဖြစ်သွားတယ်"ဟု နိုင်ငံခြားကုန်သွယ်မှု အဝယ်တော် ဦးစိန်မောင်က ပြောသည်။

## ၂၀၁၇-၂၀၁၈သည် ကုန်သွယ်မှုစံချိန်သစ်တင်

**မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအနေအထားသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာသန်း ၁၈၀၄၅ ဒသမ ၉၂၉ ခန့် ရှိခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်မူ ကန်ဒေါ်လာသန်းပေါင်း ၂၄၉၆၃ ဒသမ ၄၆၄ ခန့်ရှိ သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာသန်းပေါင်း ၂၉၁၅၆ ဒသမ ၈၆၃ အထိ ကုန်သွယ်မှုမြင့်တက်လာသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်မူ ကန်ဒေါ်လာ သန်းပေါင်း ၂၇၇၁၄ ဒသမ ၈၂၆ သို့ ကျဆင်းသွားခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်မူ ကုန်သွယ်မှုသည် ကန်ဒေါ်လာသန်းပေါင်း ၂၉၂၀၉ ဒသမ ၆၀၆ သို့ ပြန်လည်ရောက်ရှိ လာခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်မူ စာရင်းရေးဆွဲကောက်ယူမှုများအရ ယာယီအားဖြင့် ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာသန်းပေါင်း ၃၃၅၂၁ ဒသမ ၅၉၆ အထိ မြင့်တက်ခဲ့ပြီး မြန်မာ့ကုန်သွယ်မှုသမိုင်းတွင် စံချိန်သစ်တင်နိုင်ခဲ့သည်။**

**"ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးဖို့ အရှိန်ယူနေတဲ့ နိုင်ငံဖြစ်တာကြောင့် ရင်းနှီးမြှုပ်နှံမှုနဲ့ သက်ဆိုင်တဲ့ သွင်းကုန်တွေ ပိုမိုတင်သွင်းရပါတယ်။ ဒါကြောင့်လည်း ကုန်သွယ်မှုလိုငွေကတော့ နှစ်စဉ်ဖြစ်ပေါ်နေရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၅ ဒသမ ၄၄ ဘီလီယံရှိတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်မှာ ကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံရှိတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုလိုငွေက ၃ ဒသမ ၉၇ ဘီလီယံသာရှိပါတယ်။ ဒါကလည်း ပို့ကုန်တွေက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ ၁၄ ဒသမ ၆၇ ဘီလီယံအထိ စံချိန်တင် တင်ပို့နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်"**ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောကြားသည်။

ပို့ကုန်ပိုင်းတွင် ဈေးကွက်ချဲ့ထွင်ရန်အလားအလာကောင်းများစွာ၊ အခွင့်အလမ်း ပေါင်း များစွာရှိသော်လည်း ဒေါ်လာဈေးနှုန်းများမြင့်မားခြင်းအပါအဝင် အရေးကြီး ဆုံးအချက်ဖြစ်သည့် ပို့ကုန်ပစ္စည်းများ ပိုလျှံမှုရှိပြီး ဈေးကွက်ကျယ်ပြန့်သော်လည်း ယင်းပို့ကုန်များတင်ပို့ရာတွင် အခြားယှဉ်ပြိုင်ဘက်နိုင်ငံများ၏ ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရာတွင် များစွာအားနည်းနေသေးသည်ကို မြင်တွေ့ရသည်။

**"လက်ရှိတွင်ဒေါ်လာဈေးနှုန်းများ မြင့်တက်လာသဖြင့် မြန်မာငွေတန်ဖိုးမှာလည်း ကျဆင်းလာသည်။ အခြေခံစားကုန်များအပါအဝင် နေ့စဉ်နှင့်အမျှ ထိတွေ့နေရသည့် အသုံးအဆောင်များ အားလုံးသည်လည်း ဈေးမြင့်တက်လာမည်ကို စိုးရိမ်ကြ"**

## ပို့ကုန်များကို မြှင့်တင်ကြမည်

**"ပို့ကုန်တိုးချဲ့ဖို့အတွက် လယ်ယာကဏ္ဍ၊ သီးနှံ၊ သားငါး၊ ရေထွက်ကုန်နဲ့ ပုဂ္ဂလိကရဲ့ အသေးစားစက်မှုလုပ်ငန်းတွေကို အဓိကအားကိုးနေကြရတာပါ။ ဒီကဏ္ဍတွေကနေ ထုတ်လုပ်တဲ့ အခြေအနေက အခြားဒေသတွင်း နိုင်ငံတွေနဲ့ ယှဉ်ရင် ထုတ်လုပ်မှုစွမ်းအား နိမ့်ကျတာတွေ၊ ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်တာတွေကြောင့် အရည်အသွေးပိုင်း စိန်ခေါ်မှုတွေရှိနေပါတယ်။ နိုင်ငံရဲ့ စီးပွားရေးပုံစံဟာ ကုန်သွယ်မှုအခြေခံ စီးပွားရေး Trade Big Model ဖြစ်ပါတယ်။ ထုတ်လုပ်မှု ရှိပေမယ့် ပြည်တွင်းသုံးစွဲမှုကို အပြည့်အဝ မဖြည့်ဆည်းနိုင်တာကြောင့် သွင်းကုန်ဟာ ပြည်တွင်းထုတ်လုပ်မှုကို လွှမ်းမိုးနေပါတယ်။ ပြည်တွင်းစက်မှု လုပ်ငန်း SMEs တွေဟာ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီး နောက်ကောက်ကျနေပါတယ်။ ပြည်ပသွင်းကုန်တွေကနေ ပြည်တွင်းလိုအပ် ချက်ဖြည့်ဆည်းတာဟာ ကုန်သွယ်မှုကို အခြေခံတဲ့ Trade Space Model ဖြစ် တဲ့အတွက် SMEs ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ကအရေးကြီးတယ်"**ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောကြားသည်။



သဘာဝဓာတ်ငွေ့သည် အများဆုံးပို့ကုန်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တင်ပို့မှုတန်ဖိုး ကန်ဒေါ်လာသန်းပေါင်း ၃၆၆၆ ဒသမ ၀၇၅ ရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၂၉၉ ဒသမ ၂၁၇ ဖြစ်လာပြီး အနည်းငယ်ကျဆင်းသွားသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၁၈၁ ဒသမ ၈၀၈ ဖြစ်ကာ အမြင့်ဆုံးစံချိန်တင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်မူ ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ကန်ဒေါ်လာ သန်းပေါင်း ၄၃၄၃ ဒသမ ၂၆၆ သို့ ပြန်လည်ကျဆင်းသွားခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်တွင်မူ ကန်ဒေါ်လာသန်းပေါင်း ၂၉၆၉ ဒသမ ၉၃၅ နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (ယာယီ) စာရင်းများအရ ကန်ဒေါ်လာသန်းပေါင်း ၃၅၀၆ ဒသမ ၁၉၃ ရှိကြောင်း၊ ယခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၃ ရက်အတွင်း သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ ကန်ဒေါ်လာ သန်းပေါင်း ၁၀၈၇ ဒသမ ၆၁၄ ရှိနေကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရှိရသည်။

ပြည်ပပို့ကုန်များ အုပ်စုလိုက်တင်ပို့ရာတွင်လည်း ယခင်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

| စဉ် | အကြောင်းအရာ | ၂၀၁၈ (ဧပြီလမှ ဇူလိုင်လထိ) (ယာယီ) | ၂၀၁၇ (ဧပြီလမှ ဇူလိုင်လထိ) | နှိုင်းယှဉ်ချက် (+)/(–) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၉၃၂.၅၃၅ | ၁၀၈၇.၃၅၄ | –၁၅၄.၈၁၉ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၀၅.၄၈၆ | ၄.၃၅၉ | ၁၀၁.၁၂၇ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၉၄.၁၄၇ | ၁၇၄.၃၀၂ | ၁၉.၈၄၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၆၅၁.၉၂၄ | ၃၅၈.၂၅၅ | ၂၉၃.၆၆၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၁.၇၁၆ | ၇၇.၁၀၀ | –၁၅.၃၈၄ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၉၄၇.၉၈၄ | ၂၁၇၆.၇၅၉ | ၇၇၁.၂၂၅ |
| ၇ | အခြားပစ္စည်းများ | ၅၇၈.၁၄၆ | ၆၁၆.၉၁၈ | –၃၈.၇၇၂ |
| | စုစုပေါင်း | ၅၄၇၁.၉၃၈ | ၄၄၉၅.၀၄၇ | ၉၇၆.၈၉၁ |

တန်ဖိုးဒေါ်လာသန်းပေါင်း

## အမေရိကန်ဒေါ်လာ သန်းတစ်သောင်းကျော် ကုန်သွယ်ထား

၂၀၁၈ခုနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လကုန်အထိ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၅၄၇၂ သန်းရှိပြီး ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၅၂ သန်းရှိ သဖြင့် ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၉၂၄ သန်း ကုန်သွယ်နိုင် ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီမှ ဇူလိုင်လအထိ)တွင် ပြည်ပ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၉၅ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၆၀၈၂ သန်းဖြစ်ပြီး ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၅၇၇ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၉၇၇သန်းနှင့် သွင်းကုန်တွင် ဒေါ်လာ ၃၇၀ သန်းပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃၄၇ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် တစ်နှစ်ထက်တစ်နှစ် ပို့ကုန်များပြားလာသော်လည်း၊ တန်ဖိုးမြင့်မား လာသော်လည်း အခြားဒေသတွင်းနိုင်ငံများ၊ ယုတ်စွအဆုံး ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင်ပင် များစွာနည်းပါးနေသေးသည်ကိုလည်း သတိချပ်သင့်သည်။

## စိန်ခေါ်မှုများစွာကျန်ရှိနေ

ကုန်သွယ်မှုအခက်အခဲများအနက် ထုတ်လုပ်သူမှသည် စားသုံးသူထံရောက် အောင်၊ ပြည်ပတင်ပို့ရသည့် ဆိပ်ကမ်း၊ စခန်းများအထိ ရောက်ရှိအောင် ဆောင်ရွက် ရသည့် ဝယ်ယူ၊ သယ်ယူပို့ဆောင်၊ သိုလှောင်၊ ကြိတ်ခွဲ၊ ဖြန့်ဖြူးစသည့် လုပ်ငန်း အဆင့်တိုင်းတွင် Logistic Cost စရိတ်များသည်လည်း အခြားဒေသတွင်း နိုင်ငံ များထက် မြင့်မားနေသေးကြောင်း သိရှိရသည်။

"ပြည်တွင်းထုတ်လုပ်မှုမှာ မျိုးကောင်းမျိုးသန့်ရဖို့၊ နည်းပညာ၊ စက်ကိရိယာ သုံးစွဲနိုင်မှု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စနစ်တကျသုံးနိုင်မှု၊ ကျွမ်းကျင်လုပ်သား ရှားပါးမှု စတဲ့အခြေခံလိုအပ်ချက်တွေလည်း အများကြီးရှိတယ်။ ဒါကြောင့် စီးပွားရေး သမားတွေ၊ ကုန်ထုတ်လုပ်သူတွေရဲ့ အဓိကလိုအပ်ချက်က ငွေကြေးအရင်းအနှီး၊ နည်းပညာနဲ့ ထုတ်ကုန်ဈေးကွက်တွေ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးမှာလည်း လိုအပ်ချက်တွေ ရှိတယ်။ သိုလှောင်ရုံတွေရဲ့အရည်အသွေးတွေ မြှင့်တင်ဖို့လိုတယ်။ ပို့ကုန်ဆိပ်ကမ်းနဲ့ လမ်းကျပ်တာတွေ၊ ကုန်းတွင်းဆိပ်ကမ်း အားနည်းချက်တွေစသည် ဖြင့် စီးပွားရေးလုပ်ငန်းတွေကလည်း အခက်အခဲတွေ အများကြီးရှိနေတယ်။ ဒါတွေကို လက်ရှိမှာလည်း ဖြေရှင်းပေးတာတွေရှိသလို ထပ်ပြီးတော့လည်း လွယ်ကူအောင် လုပ်ပေးဖို့တွေ ရှိသင့်တယ်" ဟု ဦးစိန်မောင်က ပြောကြားသည်။

## အိမ်နီးချင်းနိုင်ငံများကို အားထားနေရသည့် ပို့ကုန်

လက်ရှိတွင် ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးနိုင်မှု၊ စံချိန်စံနှုန်းအတွက် လိုအပ်သည့် ဖြည့်ဆည်းရမည့်အချက်များ အားနည်းနေသည်ကို တွေ့ရှိရပြီး ဈေးကွက်ကျယ်ပြန့်လာသော်လည်း အိမ်နီးချင်းဈေးကွက်ကိုသာ အားထားနေရသေးသည့် အနေအထားမှ ရုန်းထွက်နိုင်ရန် အခွင့်မသာသေးသည်ကိုလည်း မြင်တွေ့ရသည်။ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ကုန်သွယ်ဘက်နိုင်ငံများအဖြစ် အားထားနေရခြင်းကြောင့် ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းထား မတည်ငြိမ်မှု၊ ပို့ကုန်ဈေးနှုန်းနှင့် အခြားအခက်အခဲများစွာတို့သည် ပြည်ပပို့ကုန်များအပေါ်တွင် လွှမ်းမိုးထားကြောင်း စီးပွားရေးလောကသားများထံက သိရှိရသည်။

**"ဥပမာပြောရရင် အိမ်နီးချင်းနိုင်ငံကို ပဲတင်သွင်းတဲ့အခါ ကိုတာ သတ်မှတ်လိုက် တာမို့ ပြည်တွင်းထုတ်လုပ်မှုနဲ့ တောင်သူတွေအပေါ်မှာ အများကြီးရိုက်ခတ်ခံရတယ်။ အခုဆိုရင် ဥရောပသမဂ္ဂလို၊ အနောက်နိုင်ငံမျိုးတွေက ကုန်သွယ်ဖို့ အလားအလာ ဒီထက်ပိုပြီး မျှော်လင့်နိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ပြည်တွင်းက လုပ်ငန်းရှင်တွေ အသိအမြင်တွေ ပြောင်းလဲဖို့လည်း လိုအပ်နေသလို ဒီလိုကုန်သွယ်ရေးကို မြှင့်တင် နိုင်ဖို့ဆိုတာ အစိုးရကလည်း ပံ့ပိုး၊ အဖွဲ့အစည်းတွေကလည်း ကူညီပြီး မြှင့်တင်ပေး ရမယ့်ကိစ္စဖြစ်တာကြောင့် အချိန်မီအဖြေရှာဖို့လည်း လိုအပ်နေပါပြီ"** ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း ရှင်းပြသည်။

"ပို့ကုန်တွေတိုးလာအောင် အမျိုးသားပို့ကုန်မဟာဗျူဟာကိုလည်း ချမှတ် နေတယ်။ လုပ်ငန်းရှင်တွေနဲ့ အစိုးရလည်း မကြာခဏတွေ့ဆုံပြီး အခက်အခဲတွေ ညှိနှိုင်းနေတယ်။

*စာမျက်နှာ ၁၀ သို့*

# ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)က ဦးဆောင်ဆွေးနွေးပြီး ဒါရိုက်တာ ကြည်စိုးထွန်းက ရာဇဝင်နောက်ခံရုပ်ရှင်ဇာတ်ကားများနှင့် ပတ်သက်သည့် ဒါရိုက်တာတစ်ဦး၏ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးသည်။

ဆရာ ချစ်ဦးညိုက ရာဇဝင်သမိုင်းနောက်ခံရုပ်ရှင်ဇာတ်ကား အရည်အသွေး အဆင့်အတန်းမြင့်မားရေးနှင့်ပတ်သက်၍ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ တောင်ငူ၊ ပျူ၊ ရတနာပုံ စသည့် ခေတ်များအလိုက် နောက်ခံသမိုင်းနှင့်ပတ်သက်ပြီး ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင်စရိုက်များ အများကြီးရှိကြောင်း၊ လောကစရိုက်၊ လူ့သဘာဝ စရိုက်များ အများကြီးရှိသည့်အတွက် ထိုရာဇဝင်သမိုင်းနောက်ခံများရအောင် ရိုက်ကူးနိုင်လျှင် ပိုကောင်းပါကြောင်း ဆွေးနွေးသည်။

အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ၎င်းရိုက်ကူးခဲ့သည့် ရာဇဝင်ဇာတ်ကားများ၏ အတွေ့အကြုံများအပြင် ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာတွင် သတိထားပြင်ဆင်ထားရမည့် အချက်အလက် အကြောင်းအရာများ၊ ယခင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ စာတွေ့အရ လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ သမိုင်းနောက်ခံရုပ်ရှင် ရာဇဝင်ဇာတ်ကားများတွင် ဝတ်စားဆင်ယင်မှုများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးပြီး ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးအတွက် အားပေးရန် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရာဇဝင်ရုပ်ရှင်ဇာတ်ကားများကို မြန်မာအကြောင်းကို မြန်မာတို့ သိရှိနိုင်ရန်အပြင် မြန်မာအကြောင်းကို ကမ္ဘာက



သိရှိစေရန် ရည်ရွယ်ပါကြောင်း၊ ရာဇဝင်ရုပ်ရှင်ဇာတ်ကားများကို အင်္ဂလိပ်စာတန်းထိုးနှင့် နောက်ခံစကားပြောခြင်း၊ အသံထပ်ခြင်း စသည်တို့ဖြင့် ဒေသတွင်းနိုင်ငံများတွင် ဦးစွာဖြန့်ချိနိုင်ရန် မျှော်မှန်းပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ရုပ်ရှင်ပညာရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရုပ်ရှင်သင်တန်းကျောင်းများမှ သင်တန်းသားများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှအဆက်*

ဒါပေမယ့် လက်ရှိမှာ လိုအပ်ချက်တွေကလည်း အများကြီးရှိနေသေးတာကြောင့် ပြီးပြည့်စုံတဲ့အခြေအနေကို မရောက်နိုင်သေးပါဘူး။ အခု နောက်ပိုင်းမှာ အရင်က တားမြစ်ကုန်စည်တွေကိုလည်း တင်ပို့ခွင့်တွေပြုလာခဲ့တယ်။ ဒါကိုလည်း ကြိုဆိုရမှာပါ။ အစိုးရကလည်း စီးပွားရေးမူဝါဒတွေ၊ ကုန်သွယ်ရေးမူဝါဒတွေကို ပိုပြီး နီးစပ်အောင်၊ လုပ်ငန်းလက်တွေ့နဲ့ ကိုက်ညီအောင် အမြန်ဆုံးဆောင်ရွက်ပေးသင့်သလို ပုဂ္ဂလိကကဏ္ဍတွေကလည်း အရင်ထက်နှစ်ဆတိုးအလုပ်လုပ်မှသာ အပြန်အလှန် အောင်မြင်လာမှာပါ။ ငွေကြေးဈေးနှုန်းတွေ တည်ငြိမ်၊ တိုင်းပြည်လည်း အေးချမ်း၊ မူဝါဒတွေလည်း မှန်ကန်ပြီး အခွင့်အလမ်းတွေလည်း ပွင့်မှသာ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးက အောင်မြင်နိုင်မယ်” ဟု ဦးစိန်မောင်က ပြောကြားရင်း ဒေါ်လာဈေးမြင့်တက်ခြင်းကြောင့် ရင်ဆိုင်နိုင်ရဖွယ်ရှိသည့် အခက်အခဲများအား ရင်ဆိုင်ရန် အသင့်ပြင်နေသည်ကို မြင်တွေ့ရပါကြောင်း။ ။


| အကြောင်းအရာ | ပို့ကုန် | | | သွင်းကုန် | | | ပမာဏ | | |
|---|---|---|---|---|---|---|---|---|---|
| | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း |
| ၂၀၁၂-၂၀၁၃ | ၆၈၄၃.၀၄၄ | ၂၁၃၃.၉၇၁ | ၈၉၇၇.၀၁၅ | ၇၈၃၀.၃၅၉ | ၁၂၃၈.၅၅၅ | ၉၀၆၈.၉၁၄ | ၁၄၆၇၃.၄၀၃ | ၃၃၇၂.၅၂၆ | ၁၈၀၄၅.၉၂၉ |
| ၂၀၁၃-၂၀၁၄ | ၈၄၄၂.၇၆၇ | ၂၇၆၁.၁၉၀ | ၁၁၂၀၃.၉၅၇ | ၁၁၉၃၂.၆၀၃ | ၁၈၂၄၆.၉၀၄ | ၁၃၇၇၉.၅၀၇ | ၂၀၃၇၅.၃၇၀ | ၄၅၈၈.၀၉၄ | ၂၄၉၆၃.၄၆၄ |
| ၂၀၁၄-၂၀၁၅ | ၈၂၃၀.၇၃၃ | ၄၂၉၂.၉၈၄ | ၁၂၅၂၃.၇၁၇ | ၁၄၁၃၉.၀၀၆ | ၂၄၉၄.၁၄၀ | ၁၆၆၃၃.၁၄၆ | ၂၂၃၆၉.၇၃၉ | ၆၇၈၇.၁၂၄ | ၂၉၁၅၆.၈၆၃ |
| ၂၀၁၅-၂၀၁၆ | ၆၅၈၇.၉၄၈ | ၄၅၄၈.၉၃၀ | ၁၁၁၃၆.၈၇၈ | ၁၃၉၇၃.၀၀၇ | ၂၆၀၄.၉၁၄ | ၁၆၅၇၇.၉၄၈ | ၂၀၅၆၀.၉၅၅ | ၇၁၅၃.၈၇၀ | ၂၇၇၁၄.၈၂၆ |
| ၂၀၁၆-၂၀၁၇ | ၇၀၈၈.၇၂၂ | ၄၉၀၉.၈၂၂ | ၁၁၉၉၈.၅၄၄ | ၁၄၄၄၃.၈၇၇ | ၂၈၆၇.၁၈၅ | ၁၇၂၁၁.၀၆၂ | ၂၁၄၃၂.၅၉၉ | ၇၇၇၇.၀၀၇ | ၂၉၂၀၉.၆၀၆ |
| ၂၀၁၇-၂၀၁၈ (ယာယီ) | ၉၃၄၆.၆၃၈ | ၅၄၉၀.၂၇၂ | ၁၄၈၃၆.၉၁၀ | ၁၅၆၇၂.၆၉၁ | ၃၀၁၁.၉၉၅ | ၁၈၆၈၄.၆၈၆ | ၂၅၀၁၉.၃၂၉ | ၈၅၀၂.၂၆၇ | ၃၃၅၂၁.၅၉၆ |
| ၁.၄.၂၀၁၈ မှ ၃.၈.၂၀၁၈ အထိ | ၃၈၁၂.၃၈၇ | ၁၈၈၀.၁၂၀ | ၅၆၉၂.၅၀၇ | ၅၆၆၇.၅၉၆ | ၉၇၉.၈၆၅ | ၆၆၄၇.၄၆၁ | ၉၄၇၉.၉၈၃ | ၂၈၅၉.၉၈၅ | ၁၂၃၃၉.၉၆၈ |

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ယခုနှစ်အထိ ကုန်သွယ်မှုအခြေအနေများ **Source: Customs**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ကွယ်လွန်

နေပြည်တော် ဩဂုတ် ၁၈

**ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်းသည့် အကြံပေးအစီရင်ခံစာကို ဦးဆောင်ရေးဆွဲပေးခဲ့သူ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် (အသက် ၈၀) သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယနေ့ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။**



မစ္စတာကိုဖီအာနန်ကို ၁၉၃၈ ခုနှစ်တွင် ဂါနာနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ခုနှစ်ဦးမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ပြီး အတွင်းရေးမှူးချုပ်ရာထူးကို ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ပထမဆုံး တစ်ဦးတည်းသောလူမည်း အာဖရိကန်နွယ်ဖွားလည်း ဖြစ်သည်။

မစ္စတာ ကိုဖီအာနန်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပြီး ယင်းကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထားသည်။ မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ယင်းကော်မရှင်သည် ရခိုင်အရေးနှင့် ပတ်သက်သည့် လေ့လာတွေ့ရှိသည့် အချက်များစွာ ပါဝင်ပြီး အကြံပြုချက်များဖြင့် အပြီးသတ်အစီရင်ခံစာကို ကော်မရှင်ဖွဲ့စည်းအပြီး တစ်နှစ်အကြာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တင်သွင်းနိုင်ခဲ့သည်။

ကိုဖီအာနန်သည် ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်တစ်ဦးလည်းဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် စစ်ပွဲများချုပ်ငြိမ်းရေးနှင့် အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် များစွာဆောင်ရွက်ပေးခဲ့သူလည်းဖြစ်သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးအတွက်သာမက ဆီးရီးယားနိုင်ငံ ပဋိပက္ခဖြစ်စဉ်များ ချုပ်ငြိမ်းရန်အတွက်လည်း အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။

မစ္စတာ ကိုဖီအာနန်သည် မစ္စတာ နယ်ဆင်မန်ဒဲလား ဦးဆောင်ဖွဲ့စည်းခဲ့သည့် The Elders အဖွဲ့တွင်လည်း ဦးဆောင်သူဖြစ်ပြီး ၎င်းသေဆုံးသွားခြင်းနှင့် ပတ်သက်၍ The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ Gro Harlem Brundtland က “သူ့ကို ဆုံးရှုံးသွားရတာ အရာတော်တော်များများကို ဆုံးရှုံးသွားရသလိုပါပဲ။ ကိုဖီဟာ အားလုံးအတွက် ရှေ့ဆောင်လမ်းပြကောင်း၊ ဦးစီးကောင်းတစ်ယောက်ပါ။ The Elders အဖွဲ့ဟာ သူ့ရဲ့လမ်းပြမှုကောင်းတွေကို ဆုံးရှုံးသွားရပြီ။ သူ့ဘဝတစ်လျှောက်လုံးမှာ သူဟာ လူသန်းပေါင်းများစွာရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းရင်း ဖြတ်သန်းခဲ့တယ်။ အဲဒီလို ကျွန်တော်တို့ရဲ့ ဦးစီးဦးဆောင်သူ(ဥက္ကဋ္ဌ)ဟာ အခုအချိန်မှာတော့ ကြွေလွင့်သွားခဲ့ပါပြီ” ဟု ပြောကြားသည်။

ကိုဖီအာနန်သည် ကိုဖီအာနန်ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သူလည်းဖြစ်ရာ ယခုအခါ သူသေဆုံးသွားသည့်အတွက် ကျန်ရစ်ခဲ့သည့် ဇနီးဖြစ်သူ Nane နှင့် သားသမီး သုံးဦး၊ မြေးတို့ထံနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့သို့ တစ်ကမ္ဘာလုံးက ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့နေကြပြီ ဖြစ်သည်။

“ကမ္ဘာကြီးအတွက်တော့ ဒီကနေ့ဟာ ဆုံးရှုံးမှုတစ်ရပ် ဖြစ်ခဲ့ပါပြီ။ ဘယ်သူကမှ သူ့ကို မေ့ပစ်ကြမှာ မဟုတ်သလို သူ့ရဲ့လူသားဆန်တဲ့စိတ်၊ အမှန်တရားကို မြတ်နိုးတဲ့စိတ်၊ ဖြောင့်မတ်ရိုးသားတဲ့စိတ်တွေက နောက်ထပ် နောက်ထပ် လူသားမျိုးနွယ်တွေအတွက်တော့ အတုယူဖွယ်ရာပါ” ဟု Gro Harlem Brundtland က ပြောကြားသည်။

**မေဦးမိုး**

## ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသ

**ကော့မှူး ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ရန်ကုန်အရှေ့ပိုင်းခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကော့မှူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဩဂုတ် ၁၈ ရက် နံနက်က အခမဲ့လာရောက်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသရာသို့ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာစုစုမြင့် ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ သမားတော်နှင့် တိုင်းရင်းဆေးဆရာကြီးများ၊ သူနာပြုဆရာ ဆရာမများနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဌေးတို့က လာရောက်ကုသသော အထွေထွေရောဂါဝေဒနာရှင် အမျိုးသား ၁၀၀၊ အမျိုးသမီး ၂၀၀ စုစုပေါင်း ၃၀၀ ကို တစ်ရက်တာ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ**

# “နာနာဘာဝချစ်သူ” ရုပ်ရှင်ဇာတ်ကား လာမည့် ဩဂုတ် ၂၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် ဩဂုတ် ၁၈

**Myanmar Media 7 ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဩရသ ဖန်တီးပုံဖော်ထားသည့် “နာနာဘာဝ ချစ်သူ”ဟာသ ဝိညာဉ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ဩဂုတ် ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ Mega Ace (Capital) တွင် ပြုလုပ်ခဲ့သည်။**




နာနာဘာဝ ချစ်သူ ရုပ်ရှင်ဇာတ်ကား ပိုစတာ။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင် ဇေလုဝ၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ အရိုင်း၊ ထိုင်းမင်းသမီး ပတ်ချာရာတူသောင်နှင့်အတူ ဆင်မ၊ ညီဂျော်၊ အောင်သော်၊ မျောက်ရှုံး၊ ကျင်ဝှက်၊ ကြာစိ၊ အောင်မော်၊ စိန်သီး၊ ကြယ်သီး၊ ရွှေအိုး၊ မျိုးမျိုးခိုင်၊ နန်းထိပ်ထားစံနှင့် waiလျှံ စသည့်အနုပညာ ညီအစ်ကို မောင်နှမများက ပါဝင်အားဖြည့်ထားကြသည်။

အိမ်တစ်လုံးပိုင်နိုင်ရန် ရည်ရွယ်ပြီး ငယ်ရွယ်ပြီး ချောမောလှပသည့် သရဲမလေးနေရာတွင် ထိုင်းနိုင်ငံမှ မင်းသမီးငယ်လေး ပတ်ချာရာတူသောင်ကို သရုပ်ဆောင်စေကာ မင်းသားနေရာတွင် နာမည်ကျော် သရုပ်ဆောင် ဦးဇေလုဝကို သရုပ်ဆောင်စေခြင်းကလည်း ဇာတ်ကား၏ ထူးခြားချက်ပင် ဖြစ်သည်။

ဒါရိုက်တာ ဩရသက“Media 7 က ဦးဇေကို ခေါင်းဆောင်အဖြစ် ရိုက်ချင်တယ်ဆိုတော့ လုပ်ပေါ့၊ မင်းသမီး မနှစ်မြို့သူအဖြစ် ခြောက်လန့်နေခဲ့သည့် ထိုင်းမင်းသမီး ပတ်ချာရာတူသောင်၏ သရုပ်ဆောင်မှုများကို သနားစရာ ဝိညာဉ်မလေးအဖြစ် တစ်ဖုံ၊ ကြောက်မက်ဖွယ် သရဲမလေးအဖြစ် တစ်သွယ် မြင်တွေ့ရမည် ဖြစ်သည်။

“ဒီကားမှာ သရဲနေရာကနေ သရုပ်ဆောင်တာပါ။ သရဲဇာတ်ဆောင်အဖြစ် ရိုက်တာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း သရဲကြောက်တဲ့အတွက်ကြောင့် စိတ်လှုပ်ရှားမှု အနည်းငယ်ရှိခဲ့ပါ



ဒါရိုက်တာ ဩရသ



ဇေလုဝ



ထိုင်းမင်းသမီး ပတ်ချာရာတူသောင်



ဆင်မ



ကျော်ကျော်



ညီထွဋ်ခေါင်

ဂျပန်တွင် အလုပ်လုပ်ရင်း ငွေစုခဲ့သည့် ချမ်းမြေ့(ဇေလုဝ)သည် သူငယ်ချင်းပွဲစား လိုက်လံပြသသည့် အိမ်ကို ဝယ်ယူခဲ့ရာ ထိုအိမ်မှာ သရဲအလွန်ခြောက်သော အိမ်ဖြစ်နေသည်။ သေရွာပြန်ဖြစ်ပြီး ဝိညာဉ်များနှင့် စကားပြောနိုင်သော ကိုဗညား(အရိုင်း)က ချမ်းမြေ့အား အနှောင့်အယှက်ပေးနေသည့် နာနာဘာဝ ထိုင်းသရဲမလေး ကွန်ယက်(ပတ်ချာရာတူသောင်)နှင့် ချမ်းမြေ့တို့ကြား အဆင်ပြေစေရန် ကူညီခဲ့သည်။ အိမ်ပြန်ရောင်းချင်နေသည့် ချမ်းမြေ့ တစ်ယောက် တစ်နေ့တွင် ဓာတ်လိုက်ရင်း ဆေးရုံရောက်ရာမှ နာနာဘာဝများကို မြင်ခွင့်ရသွားခဲ့သည်။ ထို့ကြောင့် ချောမောလှပသော ထိုင်းသရဲမလေးကို မကြောက်တော့ဘဲ အချစ်စိတ်မွန်ပြီး သရဲမလေးအား ချစ်ခွင့်ကို ကိုဗညားမှ တစ်ဆင့် ပြောခိုင်းရာမှ သရဲမလေးနှင့် သူ၏ချစ်သူ ချစ်ရင်ထူး(ညီထွဋ်ခေါင်) တို့၏ ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းကို သိရှိသွားသည်။ ထိုမှ ချစ်သူနှစ်ဦး ပြန်လည်ပေါင်းဖက်နိုင်ရန် ကူညီပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည်။

ချောချောလေးနဲ့ တွဲမယ်ဆိုပြီး စဉ်းစားရာကနေ ထိုင်းကနေ မင်းသမီးအငယ်လေး တစ်ယောက်ကို တွဲပြီးရိုက်လိုက်ရင် ပိုပြီးတော့ ဆန်းသစ်နိုင်တယ်၊ ပိုပြီးတော့ ပရိသတ်စိတ်ဝင်စားနိုင်တယ်ဆိုပြီးတော့ ရိုက်ဖြစ်ခဲ့တာပါ”ဟု ပြောသည်။

ချမ်းမြေ့အဖြစ် သရုပ်ဆောင်သည့် ဦးဇေလုဝက “ဇာတ်လမ်းလေး ဖတ်ပြီး အားရတာနဲ့ ရိုက်ဖြစ်သွားတာပါ။ ဒါရိုက်တာကလည်း ဒီဇာတ်လမ်းလေးကို ပြောနေတာကြာပြီ။ ကျွန်တော်လုပ်ချင်တဲ့ အလွမ်းလေးတစ်ခု လုပ်ခွင့်ရခဲ့တာကတော့ အမှတ်တရပါပဲ။ နိုင်ငံခြားမင်းသမီးနဲ့လည်း တစ်ခါမှမရိုက်ဖူးဘူး။ အချစ်ခန်းတွေ ရိုက်တဲ့အချိန်မှာ တစ်ပြည်သူလေးကို နည်းနည်းတော့ အားနာတယ်။ ဒီကားမှာက သရဲကိုမြင်ပြီး ချစ်မိရာကနေ သရဲကပြန်ကြောက်ရတဲ့ လူအဖြစ် သရုပ်ဆောင်ထားပါတယ်” ဟု ပြောသည်။

ဇာတ်ကားထဲတွင် ချစ်သူနှင့်အတူ နေထိုင်ခဲ့သည့် အိမ်တွင် ဝိညာဉ်ဘဝဖြင့် ချစ်သူကို စောင့်စားနေခဲ့ပြီး မိမိနေထိုင်ရာအိမ်သို့ တခြားသူလာနေမည်ကို တယ်။ ဒီဇာတ်ကားမှာ သရဲက လူကို ပြန်ကြောက်ရတဲ့ ဟာသပုံစံလေး ရိုက်ထားတာ။ ဘာသာစကားကလွဲလို့ ကျန်တာ အခက်အခဲ မရှိခဲ့ပါဘူး။ အကောင်းဆုံးတော့ ကြိုးစားထားပါတယ်။ ဦးဇေနဲ့ သရုပ်ဆောင်ရတာ အလွန်ပျော်ဖို့ ကောင်းပါတယ်” ဟု ထိုင်းမင်းသမီး ပတ်ချာရာတူသောင်က ပြောသည်။

ဝိညာဉ်လောက၏ အကြောင်းများကို စုံစမ်းထောက်လှမ်းနေသည့် ဆားပုလင်းနှင်းဆောင်အဖြစ် သရုပ်ဆောင်ထားသည့် ဆင်မနှင့် သူ၏ ဝိညာဉ်အပေါင်းအဖော်များ၏ သရုပ်ဆောင်မှုများကလည်း ဇာတ်ကားတစ်ကားလုံး မငြီးငွေ့အောင် အရွှန်းအဖောက်ကလေးများဖြင့် သရုပ်ဆောင်ထားသည်ကို ကြည့်ရှုရမည်ဖြစ်သည်။

“ဒီကားမှာ ကျွန်တော်က ဝိညာဉ်ဆားပုလင်းစုံထောက် တစ်ယောက်ပါ။ အမှတ်တရကတော့ ဒီကားထဲမှာ ရေခဲတောင် စီးကရက်ကို သောက်ရတယ်။ အဲဒီစီးကရက်မရှိတော့ ခပေါင်းဆေးလိပ်ကို ဖွာရတယ်။ ခဏခဏ ချောင်းဆိုးတယ်။ ဒီကားမှာ မင်းသားကလည်း ထူးခြားတယ်လေ။ ကိုဇေနဲ့ ဒီကမင်းသမီးနဲ့တွဲမယ့်အစား ထိုင်းမင်းသမီးနဲ့ တွဲလိုက်တယ်။ ဒီကားလေးက ဟာသကို အများဆုံး ပေးစွမ်းတဲ့ ဇာတ်ကားလေးပါ။ ကိုဇေက ဒီအိမ်ကြီးကို သွားဝယ်မယ်။ အဲဒီအိမ်မှာက ဝိညာဉ်ရှိနေတာ။ နောက်ပိုင်း ဝိညာဉ်ရဲ့ဘဝလေးကို သိလာတော့ သနားလာတယ်။ အဲဒီမှာကူညီကြတယ်။ ကျွန်တော်တို့ကလည်း ဝိညာဉ်စုံထောက်တွေဆိုတော့ ဝိုင်းကူညီကြတယ်။ ဟာသကားဖြစ်ပေမယ့် ပရိသတ်တွေကို အကောင်းဆုံး ရသတစ်ခု ပေးမှာပါ” ဟု ဆင်မက ပြောသည်။

ထို့အပြင် ဝိညာဉ်များကို မြင်တွေ့ခွင့်ရပြီး ပြောဆိုဆက်သွယ်နိုင်သည့် ကိုဗညားအဖြစ် သရုပ်ဆောင်ထားသည့် ဦးအရိုင်း၏ သရုပ်ဆောင်မှုများကိုလည်း ကျေနပ်နှစ်သက်ဖွယ် ကြည့်ရှုရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားထဲတွင် ကျော်ခေါင်အဖြစ် သရုပ်ဆောင်ထားသည့် ကျော်ကျော်က “ကျွန်တော်က ဗီလိန်သဘောမျိုး သရုပ်ဆောင်ထားတာပါ။ ထိုင်းမင်းသမီးနဲ့ ညီထွဋ်ခေါင်ကို မကျေနပ်ဘူး၊ အမုန်းတရားတွေ ကြီးထွားနေတဲ့လူနေရာကနေ သရုပ်ဆောင်တာပါ။ ဒီကားမှာ မင်းသားက ဦးဇေ။ ဒီကားရဲ့ အနှစ်သာရကိုက အလွန်ချောတဲ့ ကောင်မလေးရယ်၊ မင်းသားရယ် မတူညီတဲ့ နှစ်ခုကို တွဲပြီး ရိုက်ပြထားတာပေါ့။ မလိုမုန်းတီးတဲ့ စိတ်တွေက မကောင်းဘူး၊ ချစ်ခြင်းမေတ္တာကအရေးကြီးတယ်။ ဒါမျိုးလေးပါပဲ။ ဖျော်ဖြေရေးရုပ်ရှင်ဇာတ်ကားတစ်ကားပါ”ဟု ပြောသည်။

ချစ်သူထိုင်းမလေးနှင့် အကြောင်းပါခဲ့ပြီး ရွှေလက်တွဲခွင့်ရခဲ့သော်လည်း ပျားရည်ဆမ်းခရီးထွက်သည့် နေ့တွင် လမ်း၌ ကားမတော်တဆဖြစ်ခဲ့ပြီး ချစ်သူကသေဆုံး၊ မိမိမှာ ဆေးရုံပေါ်တွင် တစ်နှစ်နီးပါး သတိလစ်မေ့မြောနေကာ နောက်ဆုံး မိမိချစ်သူနှင့် ဝိညာဉ်ချင်း ပေါင်းဖက်နိုင်ခဲ့သည့် ချစ်ရင်ထူးအဖြစ် သရုပ်ဆောင်ထားသည့် ညီထွဋ်ခေါင်က “ဒီကားမှာ ကျွန်တော် ပါဝင်ရတဲ့ အခန်းက နည်းပါတယ်။ ထိုင်းမင်းသမီးလေးရဲ့ချစ်သူပေါ့။ ချစ်သူနေရာက ပါဝင်ရတာပါ။ ကျွန်တော်တို့ဆီမှာ သရဲကားတွေကတော့ အများကြီးပါ။ သရဲကို ဟာသအနေနဲ့တော့ ရုပ်ရှင်မှာလည်း ရှားတယ်လေ။ ကြောက်ကြောက်ကြောက်ဆိုတဲ့ ကားတော့ ရှိပါတယ်။ ဒါပေမယ့် အဲဒီကားနဲ့လည်း မတူပြန်ဘူး။ ပိုပြီး ထူးထူးခြားခြားဖြစ်တယ်။ လာရောက်ကြည့်ရှုဖို့လည်း ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

ဝိညာဉ်ဟာသ ရုပ်ရှင်ဇာတ်ကား ဟုဆိုသော်လည်း ဝါရင့်သရုပ်ဆောင် ဦးဇေလုဝ၊ ထိုင်းမင်းသမီးလေး ပတ်ချာရာတူသောင်၊ အရိုင်း၊ သရုပ်ဆောင် ညီထွဋ်ခေါင်၊ ကျော်ကျော်နှင့် အနုပညာ ညီအစ်ကိုမောင်နှမများ၏ ကျရာနေရာမှ ပီပြင်စွာ သရုပ်ဆောင်ထားမှုများဖြင့် ကြည့်ရှုသူများကို တဒင်္ဂ စိတ်အပန်းပြေနိုင်စေမည့် “နာနာဘာဝ ချစ်သူ” ရုပ်ရှင်ဇာတ်ကားမှာ ဩဂုတ် ၂၄ ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည် ဖြစ်ပါကြောင်း ရုပ်ရှင်ချစ် ပရိသတ်ကြီးအတွက် သတင်းစကား ရေးသားလိုက်ရပါသည်။ ။

**သီသီမင်း၊ အေးမင်းသူ**
**ဓာတ်ပုံ- မိုးမြင့်မောင်**

# ပလောက်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ အမကကျောင်းတစ်ကျောင်း ပြိုကျပျက်စီး

**ပလောက် ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၃)ရပ်ကွက်ရှိ အလျား ပေ ၅၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ ဝါးကပ်ကာ ဓနိမိုး ကိုယ့်အားကိုယ်ကိုး အမက(ခွဲ) စာသင်ကျောင်းတစ်ကျောင်း ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ ပြိုကျပျက်စီးရာနေရာသို့ ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ/သားတို့က ရှင်းလင်းဖယ်ရှားခဲ့သည်။ **(ယာပုံ)** ယင်းစာသင်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀ ရှိပြီး ကျောင်းဖွင့်ချိန်တွင် စာသင်ချိန်မပျက်စေရန်အတွက် ရပ်ကွက်အတွင်းရှိ ဂန္ဓကုဋိတိုက်တွင် ကျောင်းသား ကျောင်းသူများ ယာယီပညာသင်ကြားနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပြိုကျပျက်စီးသော စာသင်ကျောင်းနှင့် သင်ထောက်ကူပစ္စည်း ဆုံးရှုံးမှု စုစုပေါင်းတန်ဖိုး ၁၀ သိန်းကျော်ခန့်ရှိပြီး အဆိုပါမြေနေရာတွင် ယာယီကျောင်းအဆောက်အအုံ(ဝါးကျောင်း)ကို အမြန်ပြီးစီးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကာ ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရန် ခိုင်မာသော



ကျောင်းအဆောက်အအုံ(၆၀ × ၃၀ × ၁၂)ပေ ကျောင်းဆောင်တစ်ဆောင်လိုအပ်လျက်ရှိကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

# တာချီလိတ်၌ မိုးသည်းထန်၍ မြေနိမ့်ပိုင်းရပ်ကွက်များ ရေဝင်

**တာချီလိတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာ-ထိုင်းနယ်စပ်ရှိ မယ်ဆိုင်ချောင်းနှင့် နမ့်ယွန်းချောင်းအတွင်းမှ ချောင်းရေများ မြင့်တက်လာကာ ယနေ့ နံနက် အစောပိုင်းက မြေနိမ့်ပိုင်းရှိ ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မယ်ဆိုင်ချောင်းရေမြင့်တက်လာမှုကြောင့် ရွှေနန်းတော်ကုန်တိုက်၊ တာလော့ဈေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တာချီလိတ်ခရိုင်ဦးစီးမှူးရုံးဝင်း၊ ဆက်သွယ်ရေးရုံးဝင်း၊ မကာဟိုခမ်းရပ်ကွက်ရုံးရှေ့ သစ်တောဦးစီးဌာနရုံးဝင်း၊ ဆန်ဆိုင်း အထက ကျောင်းဝင်း၊ တာလော့ အလက ကျောင်းရှေ့လမ်းနှင့် မေဖလားဝါးကွင်းတို့တွင် ရေဝင်မှုများ ဖြစ်ပေါ်ခဲ့ပြီး ချောင်းရေဝင်လျက်ရှိသည့် နေရာများသို့ နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ ခရိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ စောင့်ကြပ်ကြည့်ခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၊ ငါးရံ့ချောင်းကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်စိုး ဦးစီးသည့်တပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Rejupara ကင်းစခန်းမှ Subedar Md. Habibur Rahman ဦးစီး ၁၅ ဦးတို့သည် ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိ မိမိတို့နိုင်ငံအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၁)မှ (၄၁-၁/၂)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရာဇာအောင် စတုတ္ထရရှိ

**ရန်ကုန် ဩဂုတ် ၁၈**

Hong Kong Association က ကြီးမှူးကျင်းပသော Hills Taiwan Junior Open Golf 2018 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်ဂေါက်သီးရိုက်ကစားသမား ရာဇာအောင်သည် စတုတ္ထဆုရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ တရုတ်တိုင်ပေ၌ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၁၅ နိုင်ငံမှ လူငယ်ဂေါက်သီးရိုက်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် အနာဂတ်မျိုးဆက်သစ် ဂေါက်သီးကစားသမား အကျော်အမော်များ ထွက်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံ ဂေါက်သီးအားကစားသမားများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းပြိုင်ပွဲများ ဆက်တိုက် ကျင်းပပေးလျက်ရှိပြီး ပြည်ပပြိုင်ပွဲများတွင်လည်း စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ဖိုးသော်ဇင်**

**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

## ကျွန်းလှမြို့နယ်၌ မိုးကြိုးထိ၍ နွားသုံးကောင်သေဆုံး

**ကျွန်းလှ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တောင်ယာဆိပ်ကျေးရွာ၌ မိုးကြိုးထိမှန်၍ နွားသုံးကောင်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၈ ရက် နံနက် ၅ နာရီခွဲက တောင်ယာဆိပ်ကျေးရွာတွင် မိုးအနည်းငယ်ရွာသွန်းပြီး နွားတဲပေါ်ရှိ မီးဘုတ်ခုံကို မိုးကြိုးပစ်ရာ နွားတဲအောက်၌ ချည်ထားသော နွားမနှစ်ကောင်နှင့် နွားထီးတစ်ကောင် စုစုပေါင်း နွားသုံးကောင် သေဆုံးသွားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို-ကျွန်းလှ**

## ဝမ်းတွင်းမြို့၌ ကန်အတွင်း ပိုးသတ်ဆေးရည်များ ထည့်သွားသည့်အတွက် ငါးများသေဆုံး

**ဝမ်းတွင်း ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဝမ်းတွင်းအမှတ်(၃) ရပ်ကွက်၌ ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီခန့်က လူတစ်စု(စိစစ်ဆဲ)က ကန်အတွင်း ပိုးသတ်ဆေးရည်များ ထည့်သွားသည့်အတွက် ကန်အတွင်းရှိ ငါးများသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြည်သူများ၏ သတင်းပေးချက်အရ ဝမ်းတွင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇေယျာမိုးမြင့်နှင့် တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ သွားရောက်ကြည့်ရှုရာ ဝမ်းတွင်းမြို့နယ် ဝမ်းတွင်း(၃)ရပ်ကွက်ရှိ အလျားပေ ၂၀၀၊ အနံ ပေ ၅၀၊ အနက် ၅ ပေခန့်ရှိ ရွှေမုဋ္ဌောဘုရားကန် (သောက်သုံးရေကန်မဟုတ်) အတွင်းတွင် ပိုးသတ်ဆေးရည်များ ထည့်သွားသည့်အတွက် ကန်အတွင်းရှိ ငါးအကောင်ရေ ၂၀၀ ခန့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ရဲမှတ်တမ်းအရ သိရသည်။

အဆိုပါ သေဆုံးသည့်ငါးများအား ဝမ်းတွင်း (၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့က ဝမ်းတွင်းသုသာန်၌ မြေမြှုပ်ခဲ့ပြီး အဆိုပါကန်အနီးသို့ ကျွဲ၊ နွားတိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရေးနှင့် ပြည်သူများအား အသိပေးတားမြစ်ခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ **မိုး/ဇလ**

# တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဒဂုံတက္ကသိုလ် အမျိုးသားနှင့် အမျိုးသမီးအသင်း ပထမဆုဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၁၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နည်းပညာတက္ကသိုလ်(သန်လျင်)က ကြီးမှူးကျင်းပသည့် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး၊ ဘတ်စကက်ဘောဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

အမျိုးသမီးပြိုင်ပွဲတွင် ရတနာပုံအသင်းနှင့် ဒဂုံတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံတက္ကသိုလ်အသင်းက ရတနာပုံအသင်းကို ၄၉ မှတ်၊ ၄၂ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်အသင်းက TTUအသင်းကို ၇၇ မှတ်၊ ၅၅ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲအပြီး အမျိုးသား၊ အမျိုးသမီး၊ ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသူ ကစားသမားများအား တစ်ဦးချင်းဆု၊ အကောင်းဆုံးခံစစ်၊ ပြန်ကျဖမ်း၊ အကောင်းဆုံး အားကစားသမားဆုများကို နည်းပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခ၊ ဌာနမှူးများ၊ ဌာနကြီးမှူးများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများက ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ဒဂုံတက္ကသိုလ်အသင်းအား နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက ဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ဒဂုံတက္ကသိုလ်အသင်းအား ရွှေသံလွင်ကုမ္ပဏီနာယက ဒေါက်တာ ဒေါ်နီနီက ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

"ကျွန်မတို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒီဇင်ဘာလမှာ ကျင်းပမယ့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲမှာ မြန်မာအသင်းအနေနဲ့ ဘတ်စကက်ဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ပေါင်းစုံ လက်ရွေးစင်အားကစားသမားနှစ်သင်းကို ဒီပြိုင်ပွဲမှာရွေးချယ်ပြီး နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲအတွက် အမျိုးသား ၂၀၊ အမျိုးသမီး ၂၀ တို့ကို ရွေးချယ်ပြီး စခန်းသွင်းမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမတိုင်ခင် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပြီး အခုပြိုင်ပွဲမှာ ရွေးချယ်ထားတဲ့ လက်ရွေးစင်ကစားသမားတွေနဲ့ ထပ်မံဖြည့်သွားမှာ ဖြစ်ပါတယ်"ဟု နည်းပညာတက္ကသိုလ် (သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက ပြောသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံမှ အမျိုးသား ၂၁ သင်း၊ အမျိုးသမီး ၁၄ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အေကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ဒဂုံတက္ကသိုလ်အသင်းအား နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက ဆုချီးမြှင့်စဉ်။

## မိတ္ထီလာမြို့နယ်တွင် အသက် ၁၂ နှစ်အောက် ကလေးငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားပြီး သုံးဦးသေဆုံး

**မိတ္ထီလာ ဩဂုတ် ၁၈**

မိတ္ထီလာမြို့နယ်တွင် အသက် ၁၂ နှစ်အောက်ကလေးငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားပြီး ခရိုင်ပြည်သူ့ဆေးရုံကြီး၊ ကလေးဆေးရုံသို့ လာရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကလေးများအနက် ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ကလေးသုံးဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ကလေးဆေးရုံသို့ ချမ်းအေးသာယာရပ်ကွက်၊ ဂွေးတောက်ကုန်းကျေးရွာ၊ အနောက်ကြီးကုန်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ညောင်အိုင်ကျေးရွာတို့မှ ကလေးတစ်ဦးစီနှင့် ရေငံကျေးရွာမှ ကလေး ၁၅ ဦး စုစုပေါင်းကလေး ၂၀ ဦး သွေးလွန်တုပ်ကွေးဖြစ်ပွား၍ လာရောက်ဆေးဝါးကုသမှုခံယူလျက်ရှိရာမှ ဩဂုတ် ၁၇ ရက် ညနေ ၆ နာရီတွင် ရေငံကျေးရွာမှ လေးနှစ်အရွယ် မောင်ကျော်ဇင်ဖြိုး သေဆုံးခဲ့ပြီး ဩဂုတ် ၁၈ ရက် နံနက် ၄ နာရီ မိနစ် ၄၀ ကလည်း တစ်နှစ်ရှစ်လအရွယ်ရှိ မလှိုင်လှိုင်ဦးနှင့် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က အသက် ၁၂ နှစ်အရွယ် မမိုးပြည့်ပြည့် ထပ်မံသေဆုံးသွားခဲ့သည်။

"ရေငံရွာက ကုန်းပေါ်မှာ တည်ရှိပြီး အိမ်ခြေ ၁၇၀ ကျော်ရှိတယ်။ သောက်သုံးရေအဖြစ် စက်ရေတွင်းက ရေကို သောက်သုံးကြပါတယ်။ ကလေးငယ်တွေ သွေးလွန်တုပ်ကွေး ဖြစ်နေတာကတော့ ဇူလိုင်လကုန်လောက်က စတင်ဖြစ်ပွားတာပါ။ ရောဂါစတင်ဖြစ်ချိန်မှာဆိုရင် ကလေးတစ်ယောက်၊ နှစ်ယောက်လောက်ဖြစ်တာ၊ အခုချိန်မှာဆိုရင် ဆေးရုံမှာကို ကလေးတွေ ၁၀ ယောက်ကျော်ပြီး ရွာမှာလည်း ကလေးတွေ သွေးလွန်တုပ်ကွေးဖြစ်နေတုန်းပါပဲ"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကလေးငယ်များ သွေးလွန်တုပ်ကွေး အဖြစ်များနေသည့် မြောက်လည်ကျေးရွာအုပ်စု ရေငံကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် မြို့နယ်ကျန်းမာရေးဌာနမှ ဦးဆောင်၍ ဩဂုတ် ၁၈ ရက်က ကွင်းဆင်းကာ လိုက်လံကြည့်ရှုစစ်ဆေးပြီး ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

○ ကျော်ဖုံးမှ

ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။ ထို့နောက် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အဲရစ်သိုဟာနှင့် အာရှအိုလံပစ်ကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် ဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပသည်။

အင်ဒိုနီးရှားနိုင်ငံသည် အာရှအားကစားပြိုင်ပွဲကို ၁၉၆၂ ခုနှစ်က ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ပထမအကြိမ်ကျင်းပခဲ့သည့် ဘန်ကာနိုကွင်းမှာပင် ဒုတိယအကြိမ်ကိုလည်း ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အာရှအားကစားပြိုင်ပွဲကို နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမား ၁၂၀၀၀ ကျော်၊ အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင် ၅၀၀၀ ကျော် စုစုပေါင်း ၁၇၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်နေပြီး စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ရှစ်မျိုးတွင် ကစားသမား ၁၄၀ ကျော်ဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး ဘောလုံး၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဝူရှူး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ မြားပစ်နှင့် လှေလှော် အားကစားနည်းများတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဖွင့်ပွဲမတိုင်မီ အားကစားနည်း အနည်းငယ်သာ စတင်ကျင်းပနေပြီး ဩဂုတ် ၁၉ ရက် **(ယနေ့)** မှစတင်ကာ အခြားအားကစားနည်းများ ဆက်တိုက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မုတ်သုံလေ အားအသင့်အတင့် ရှိနေမည်

**နေပြည်တော် ဩဂုတ် ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**



## မောင်းတောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**
မောင်းတောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညပိုင်းတွင် မောင်းတောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇားတံတားတွင် အဘူကော်မောင်းနှင်ပြီး အာဇီလိုက်ပါလာသည့် Lifan မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရန် ရပ်တန့်စဉ် အဘူကော်နှင့် အာဇီတို့မှာ ထွက်ပြေးသွား၍ ယာဉ်ပေါ်ပါ ချင်းအိတ်များအား ဖွင့်ဖောက်စစ်ဆေးရာချင်းများနှင့် ရောနှော၍ ဖယောင်းစက္ကူဖြင့် ပတ်လျက် ပလတ်စတစ်ကပ်ခွာအိတ်ငယ် များဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အဘူကော် (၂၅ နှစ်) (ဖမ်းမမိသေး) နှင့် အာဇီ (၂၅ နှစ်) (ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သပိတ်ကျင်းမြို့နယ်၌ မှုခင်းရှုထောင့်သတင်းမီဒီယာအဖွဲ့မှ အမျိုးသားသုံးဦးက ခြိမ်းခြောက်ပြောဆိုမှုများ ပြုလုပ်ခဲ့သဖြင့် အမှုဖွင့်အရေးယူထား

**နေပြည်တော် ဩဂုတ် ၁၈**
မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာနေ ကိုဆန်းမျိုးလွင်(ခ) ဆန်းမျိုးသည် ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ မိခင်ဖြစ်သူ ဒေါ်စိန်မြင့် ရောက်ရှိလာပြီး ဩဂုတ် ၁၄ ရက် ည ၁၀ နာရီခန့်တွင် ၎င်းသည် ထီးချိုင့်မြို့နယ် မဲဟင်းကျေးရွာမှ စက်လှေဖြင့် လိုက်ပါလာရာ ကြာညှပ်ဆိပ်ကမ်းနားမရောက်မီ အခြား စက်လှေတစ်စင်းနှင့် စက်လှေချင်းကပ်ချိန်တွင် အဆိုပါ စက်လှေပေါ်ရှိ လူတစ်ဦးက မျက်နှာကို ဓာတ်မီးဖြင့် ထိုးသဖြင့် စကားများခဲ့ကြောင်း ပြောပြသိရှိရသည်။

ကိုဆန်းမျိုးလွင် (ခ) ဆန်းမျိုးက ထိုလူအား စုံစမ်းရာ မှုခင်းရှုထောင့် သတင်းမီဒီယာအဖွဲ့မှ ကိုသိန်းနိုင်ဝင်း ဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် ဖုန်းဆက်



ပြီး မိခင်ဒေါ်စိန်မြင့်နှင့် စကားများသည့်ကိစ္စအပေါ် လာရောက်တွေ့ဆုံရှင်းလင်းရန်နှင့် မတွေ့ဆုံပါက တိုင်တန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ကြာညှပ်ကျေးရွာရှိ ရွှေလက်ရာလက်ဖက်ရည်ဆိုင်တွင် ကိုသိန်းနိုင်ဦး (ခ)ကိုမောင်နိုင်နှင့်အတူ ထိုင်နေစဉ် မှုခင်းရှုထောင့် သတင်းမီဒီယာအဖွဲ့မှ သိန်းနိုင်ဝင်း၊ ထွန်းနွယ်နှင့် မောင်ငယ်တို့သုံးဦး ရောက်ရှိလာကာ "မင်းက ဘာကြောင့် တိုင်ချင်တာလဲ" ဟု ပြောဆိုပြီး ထွန်းနွယ်က လည်ကုပ်အားဖိ၍ လက်သီးနှင့် ထိုးသဖြင့် ဝဲဘက်နားထင် ဖူးရောင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်း၏ဘယ်ဘက်လက်အား သိန်းနိုင်ဝင်းက နောက်မှ ဆွဲကာ ညစ်ညမ်းစွာဆဲဆို၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ထို့ပြင် သိန်းနိုင်ဝင်း၊ ထွန်းနွယ်နှင့် မောင်ငယ်တို့သုံးဦးသည် ကိုသိန်းနိုင်ဦး (ခ) ကိုမောင်နိုင်၏ နေအိမ်ခြံဝင်းအတွင်း ကျူးကျော်ဝင်ရောက်ကာ ကိုသိန်းနိုင်ဦး (ခ) ကိုမောင်နိုင်အား လက်သီးနှင့် ထိုးမည်ဟု ပြောဆို၍ နေအိမ်အတွင်း သို့ဝင်ရန် ပြုလုပ်နေသဖြင့် ကိုသိန်းနိုင်ဦး (ခ) ကိုမောင်နိုင်၏ဇနီး မရီရီခိုင်က တားမြစ်သောကြောင့် ပြန်လည်ထွက်ခွာသွားကြောင်း၊ တိုင်တန်း ထားမှုများအား သပိတ်ကျင်း မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုရဲ**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မူးယစ်ဆေးဝါးများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၈**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 Gate 3 ၌ ယနေ့ နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် မလေးရှားလေကြောင်းလိုင်း MH - 741 လေယာဉ်ဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ လိုက်ပါမည့် အောင်ကိုကိုလင်း(ခ)ရဲလေး(၃၅ နှစ်) (အမှတ် ၂၄၇၊ လမ်း ၃၀၊ ၈ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန် မြို့နေသူ) ၏ ခရီးဆောင်အိတ်ကို X – Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာ ငါးခြောက်ကြော်အထုပ်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၈၄ ပြား သိမ်းဆည်းရမိသဖြင့် အောင်ကိုကိုလင်း (ခ) ရဲလေးအား မင်္ဂလာဒုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## တာချီလိတ်မြို့ ဒိုင်းမွန်းရွှေဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်

**တာချီလိတ် ဩဂုတ် ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အောင်မြတ်ခန်းမရှေ့ရှိ ဒိုင်းမွန်းရွှေဆိုင်၌ ယနေ့ ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမျိုးသားတစ်ဦးက သေနတ်အတိုတစ်လက်ကိုင်ဆောင်ပြီး ဝင်ရောက်လာသဖြင့် ရွှေဆိုင်မှအရောင်းစာရေးဖြစ်သူမှာ ရွှေဆိုင်အနောက်သို့ ပြေးဝင်သွားရာ သေနတ်သမားက ရွှေထည်များထည့်ထားသည့် မှန်ဗီရိုကို သေနတ်ဒင်ဖြင့် ထုစဉ် သေနတ်မှ ကျည်ထွက်သွားသည့်အတွက် ရွှေဝယ်ရန် ရောက်ရှိနေသူ မနန်းသာလျှန်၏ ယာဘက်လက်မောင်းရင်းတွင် သေနတ်ထိမှန်သွားခဲ့ကြောင်း၊ အဆိုပါ သေနတ်ဖြင့် ပစ်ခတ်သွားသူအား ဖမ်းဆီးရမိရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပေါ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုတို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့ငယ်များဖွဲ့ပြီး ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်စားရွှေနှင့် ခွဲသားများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၄၅ စီး၊ သွင်းကုန် ၄၆၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၃ စီး၊ သွင်းကုန် ၂၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁ ဒသမ ၀၃၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၀၉ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄ ဒသမ ၆၄၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်နေစဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Handset (2049)U၊ Isuzu (12W)ယာဉ်တစ်စီးနှင့် Mitsubishi Canter (6W) ယာဉ်တစ်စီးတို့ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ပိတောက်စားရွှေ ၅ ဒသမ ၃၄၇၈ တန်၊ ပိတောက်ခွဲသား ၀ ဒသမ ၆၄၆၆ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၆ ဒသမ ၂၃၃ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ - | Breakfast News |
| ၈း၃၅ - | တရုတ်ကာတွန်း "တောပျော်မျောက်ကလေးကျွမ့်ကျွမ့်" (အပိုင်း-၃) |
| ၉း၁၀ - | ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၁၀း၀၀ - | Sunday Talk |
| ၁၂း၃၀ - | This Week's Special Interest |
| ၁၂း၄၅ - | မြန်မာ့ဂန္ထဝင်ရုပ်ရှင် "စောင်းတော်ရှင်" (ပြည်လှဖေ၊ မေရှင်) (ဒါရိုက်တာ-ဦးသုခ၊ ဦးလွန်းဖေ) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ - | "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းဆီသို့" |
| ၁၈း၄၅ - | "ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာ" |
| ၁၉း၁၅ - | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၁၅) |
| ၂၀း၀၀ - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |

## တောင်ငူမြို့ တည်းခိုခန်း၌ အတူတည်းသည့် မိန်းကလေးက ငွေကျပ် ၉၇ သိန်း ခိုးယူသွားမှုဖြစ်ပွား

တောင်ငူ ဩဂုတ် ၁၈
**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ခေတ္တတည်းခိုရန် ရောက်ရှိနေသော ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြည့်တန်ဆာကိစ္စအလို့ငှာ မိန်းကလေးတစ်ဦးကို တည်းခိုခန်းတစ်ခုသို့ ခေါ်သွားပြီး အတူတည်းခိုရာမှ မိန်းကလေးက ငွေကျပ် ၉၇ သိန်းကို ခိုးယူသွားမှု ဩဂုတ် ၁၆ ရက်က ဖြစ်ပွားခဲ့ရာ တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့က ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ပူးပေါင်းပါဝင်သူအားလုံးကို ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ တောင်ငူမြို့ အမှတ် (၇) ရပ်ကွက် မြန်မာ့အလှတည်းခိုခန်းတွင် တည်းခိုနေသူ အချိုမှုန့်ကုမ္ပဏီအရောင်းစာရေး ကို ---- သည် အခင်းဖြစ်သည့် ည ၁၀ နာရီခန့်က အတူတည်းခိုသော သူငယ်ချင်းများအားရှာဖွေရန် အမည်မသိသူမောင်းနှင်သည့် ဆိုင်ကယ်ကယ်ရီကို ငှားရမ်း၍ လိုက်ရှာစဉ် အဆိုပါ ကယ်ရီသမားက ဖုန်းဖြင့်ဆက်သွယ်၍ မိန်းကလေးတစ်ဦး ခေါ်ပေးခဲ့ကြောင်း၊ အမှတ် (၁၉) ရပ်ကွက်ရှိ တည်းခိုခန်းသို့ရောက်ရှိ တည်းခိုပြီးနောက် မိန်းကလေးက ကို... ယူဆောင်လာသော ငွေကျပ်၉၇ သိန်း ထည့်ထားသည့်အိတ်ကို ခိုးယူသွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှုအား တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်ဟန်လင်းအောင် ဦးစီးအဖွဲ့က ဆက်လက်စုံစမ်းခဲ့ရာ တည်းခိုခန်းသို့ ရောက်ရှိလာခဲ့သော အမျိုးသမီးမှာ တောင်ငူမြို့ အမှတ် (၁၉) ရပ်ကွက်နေ မပိုးပိုးဖြစ်ကြောင်း၊ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူမှာ မိုးဟိန်း(၂၃ နှစ်)၊ အမှတ်(၂) ရပ်ကွက်၊ တောင်ငူမြို့နေသူဖြစ်ကြောင်းသိရှိရ၍ စစ်ဆေးခဲ့ရာ မပိုးပိုးက ခိုးယူလာခဲ့သော ငွေအိတ်ကို အမှတ် (၂) ရပ်ကွက်နေ ကိုထွန်း (၄၃ နှစ်) (ဆိုင်ကယ်ကယ်ရီ



မောင်း) ထံပေးအပ်ခဲ့ပြီး ကိုထွန်းက တစ်ရပ်ကွက်တည်းနေ ဆိုင်ကယ်ကယ်ရီမောင်းသူ မိုးဟိန်းနှင့် အမှတ် (၁၀) ရပ်ကွက်နေ အောင်ကျော်မိုးတို့အား ခွဲဝေပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ဆက်လက်၍ ကိုထွန်းနှင့် အောင်ကျော်မိုးတို့နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းခဲ့စဉ် ဩဂုတ် ၁၈ ရက်နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် အမှတ် (၁၉) ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်း ပန်းခြံကွေ့အနီး၌ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများ၏ ထွက်ဆိုချက်များအရ ကိုထွန်း၏ နေအိမ်အောက်မြေကြီးအတွင်းမြှုပ်နှံထားသည့် ငွေကျပ် ၈၅ သိန်းကိုလည်းကောင်း၊ ကို---ကိုင်ဆောင်သည့် ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၅ သိန်းအား နေအိမ်လှေကားအောက်မြေကြီးအတွင်းမှလည်းကောင်း၊ မိုးဟိန်း နေအိမ်ပေါ်ရှိ အဝတ်အစားပုံအတွင်းမှ ငွေကျပ် ၃ သိန်း ၇ သောင်းကျပ်နှင့် အောင်ကျော်မျိုး၏ နေအိမ်အိပ်ခန်းအတွင်းမှ ငွေကျပ် ၃ သိန်း ၃ သောင်း စုစုပေါင်းငွေကျပ် ၉၇ သိန်းနှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ပြစ်မှုကျူးလွန်သူလေးဦးအား တောင်ငူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် တွေ့ဆုံမည်



ဝါရှင်တန် ဩဂုတ် ၁၈

**အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် လာမည့်နိုဝင်ဘာလတွင် ကျင်းပမည့် အစည်းအဝေးတစ်ခု၏ သီးသန့်ဆွေးနွေးပွဲတစ်ခု၌ တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်သတင်းစာတစ်စောင်တွင် ဩဂုတ် ၁၈ ရက်က ဖော်ပြခဲ့သည်။**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် လာမည့်ကြာသပတေးနေ့တွင် တရုတ်ပို့ကုန်များအပေါ် နောက်ထပ် အခွန်တိုးမြှင့်ကောက်ခံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ တရုတ်ကလည်း လက်စားချေ တုံ့ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ပါပူဝါနယူးဂီနီတွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးနှင့် အာဂျင်တီးနားတွင် ကျင်းပမည့် စက်မှုထိပ်သီးအဖွဲ့ဝင်နိုင်ငံ-၂၀ အစည်းအဝေးတို့တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဝေါစထရိဂျာနယ်တွင် ဩဂုတ် ၁၇ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် လာမည့်ရက်သတ္တပတ်အစောပိုင်းတွင် ကုန်သွယ်ရေးစကားဝိုင်းဆွေးနွေးပွဲကို ပြန်လည်စတင်နိုင်ရန် မျှော်လင့်ထားကြောင်း အရာရှိများက ပြောခဲ့သည်။ အဆိုပါ ကုန်သွယ်ရေးစကားဝိုင်းဆွေးနွေးပွဲကို လွန်ခဲ့သော ဇွန်လက နောက်ဆုံးကျင်းပခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေး သဘောထားကွဲလွဲမှု လျော့နည်းသက်သာစေရန် ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ဖြစ်နိုင်သည့် အလားအလာများကိုလည်း နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များက ဆွေးနွေးသွားနိုင်ခြေရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရန့် အစိုးရအဖွဲ့ဝင်များအတွင်း တရုတ်နိုင်ငံအပေါ် မည်ကဲ့သို့ ကိုင်တွယ်သွားရမည်နည်းဆိုသည့်ကိစ္စနှင့်ပတ်သက်ပြီး အနည်းငယ်ကွဲလွဲမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်က ခက်ခဲသည့် မူဝါဒများနှင့်ပတ်သက်ပြီး သက်သာစေသည့် နည်းလမ်းများကို လေ့လာသွားရမည်ဟု တင်ပြချိန်တွင် အမေရိကန် ကုန်သွယ်ရေးအကြီးအကဲ ရောဘတ်လိုက်တင်ဇာက နောက်ထပ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် တင်ပြခဲ့သည်။

အမေရိကန်သမ္မတ ထရန့်အနေဖြင့် မည်သည့်ရပ်တည်ချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရမည်နည်းဆိုသည့်အချက်ကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းတို့ ပဋိပက္ခဖြစ်ပွားရာ ပါလက်စတိုင်းနှစ်ဦး သေဆုံး

**ဂါဇာ ဩဂုတ် ၁၈**

အရှေ့ဘက် ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးနယ်စပ်ကြားတွင် ဩဂုတ် ၁၇ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်း ဆန္ဒပြသူများအကြား ဖြစ်ပွားသော ပဋိပက္ခတွင် ပါလက်စတိုင်း နှစ်ဦး သေဆုံးခဲ့ပြီး ၂၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဂါဇာကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာ့ရှ်က်ဖ်အယ်လ်ကွက်ဒရာက သေဆုံးသူများအနက် တစ်ဦးမှာ ဆာဒီအက်ခရွမ်မူအာမာဖြစ်ပြီး အသက် ၂၆ နှစ်ရှိကြောင်း သိရသည်။ ၎င်းသည် ဂါဇာတောင်ပိုင်း ရာဖာမြို့တွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခြင်းကို ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဒုတိယမြောက်သေဆုံးသူတစ်ဦးမှာ ကာရန်အဘူဖာတာရာဖြစ်ပြီး အသက် ၃၀ အရွယ်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်း အယ်လ်ဘူရေ့ချ် ဒုက္ခသည်စခန်းရှေ့တွင် အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးဆန့်ကျင်လှုပ်ရှားမှုများအတွင်း အခြား ပါလက်စတိုင်း ၂၄၁ ဦးလည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပဋိပက္ခဖြစ်ပွားသည့် မတ်လ ၃၀ မှစတင်ကာ အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း ၁၇၁ ဦးကို သတ်ဖြတ်ခဲ့ပြီး ၁၇၀၀၀ ဒဏ်ရာရရှိအောင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယဝန်ကြီးချုပ်ဟောင်း ဗက်ဂျ်ပါယီ ကွယ်လွန်

**နယူးဒေလီ ဩဂုတ် ၁၈**

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း အတယ်ဘီဟာရီ ဗက်ဂျ်ပါယီသည် ဩဂုတ် ၁၆ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏အသုဘအခမ်းအနားကို ဩဂုတ် ၁၇ ရက်က နိုင်ငံတော်အခမ်းအနားဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ဗက်ဂျ်ပါယီသည် အိန္ဒိယနိုင်ငံရှိ အဓိကအင်အားကြီးပါတီတစ်ခုဖြစ်သည့် ဘီဂျေပီပါတီမှ ပါတီဝင်တစ်ဦးဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၃ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီကလည်း ပုဂ္ဂိုလ်ရေးအရ ဩဂုတ် ၁၅ ရက်က လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

၎င်းသည် ကျောက်ကပ်ပိုးဝင်မှုနှင့် အသက်ရှူကျပ်ဝေဒနာများကြောင့် ဒေလီမြို့ရှိ အေအိုင်အိုင်အမ်အက်စ်ဆေးရုံသို့ လွန်ခဲ့သည့် ကိုးပတ်ကတည်းက တက်ရောက်ကုသခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ကျန်းမာရေးအခြေအနေသည် လွန်ခဲ့သည့် ရက်ပိုင်းကစပြီး ဆိုးရွားလာခဲ့ကြောင်း သိရသည်။

ဗက်ဂျ်ပါယီသည် အိန္ဒိယဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဝန်ကြီးချုပ်သက်တမ်း ၁၃ ရက်တည်းဖြင့် တစ်ကြိမ်၊ ထို့နောက် ၁၉၉၈ ခုနှစ် မတ်လမှ ၂၀၀၄ ခုနှစ် မေလအတွင်း ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း စံချိန်တင်ရေကြီးမှုကြောင့် လူပေါင်း ၃၂၀ ခန့် သေဆုံး

**နယူးဒေလီ ဩဂုတ် ၁၈**

အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်တွင် ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် သေဆုံးသူ ၃၀၀ ခန့် ရှိလာခဲ့ပြီဖြစ်ကြောင်းနှင့် ယင်းရေကြီးမှုများတွင် ပိတ်မိနေသော လူပေါင်းများစွာကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အပြင်းအထန် ကြိုးစားဆောင်ရွက်နေကြောင်း ဩဂုတ် ၁၈ ရက်က သတင်းများတွင် ဖော်ပြခဲ့သည်။

ရေကြီးမှုအကျိုးဆက်ကြောင့် မြေပြိုခြင်းများ ဖြစ်ပွားလျက်ရှိပြီး ကီရာလာပြည်နယ်ရှိ ကျေးရွာများတွင်လည်း ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ယင်းက ရာစုနှစ်အတွင်း ရေဘေးအဆိုးရွားဆုံး ခံစားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

လာမည့် ရက်သတ္တပတ်အတွင်း မိုးသည်းထန်မှုနှင့် လေပြင်းများ ဆက်လက်တိုက်ခတ်နိုင်ခြေရှိသောကြောင့် သက်ဆိုင်ရာအာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။ ထို့အတူ တပ်ဖွဲ့ဝင် ရာပေါင်းများစွာနှင့် ဒေသတွင်း တံငါသည်များလည်း အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်တစ်ခုလုံးတွင် ရဟတ်ယာဉ်များ၊ လှေများအသုံးပြုပြီး ကယ်ဆယ်ရေးများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ကီရာလာပြည်နယ်တွင် အပူပိုင်းတောင်တန်းတောင်ကုန်းများနှင့် နာမည်ကျော် ကမ်းခြေများရှိသောကြောင့် နိုင်ငံတကာခရီးသွားများအတွက် ဆွဲဆောင်ရာနေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ယခုအခါတွင် ကီရာလာပြည်နယ်၌ မိုးတွင်းကာလ စံချိန်တင် မိုးရွာသွန်းမှုများကြောင့် ရေဘေးသင့်နေကြောင်း သိရသည်။

အဆိုပါ ပြည်နယ်သည် နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံး ရေဘေးဒုက္ခခံစားခဲ့ရသော ပြည်နယ်တစ်ခုဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ပီနာရာယီဗီဂျေရန်က လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။



ယခုအချိန်အထိ လူပေါင်း ၃၂၄ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် အဆိုပါဒေသသို့ ဩဂုတ် ၁၇ ရက်က ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ဝန်ကြီးချုပ်သည် ဆိုးရွားစွာ ရေဘေးဒုက္ခခံစားနေရသော ကီရာလာပြည်နယ်ကို ဩဂုတ် ၁၈ ရက်က ဝေဟင်မှ စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသတွင်း နေထိုင်ကြသော လူပေါင်း ၃၃ သန်းခန့်မှာ ရေဘေးဒုက္ခအတွက် အကူအညီလိုအပ်ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။ ထို့အပြင် အဆိုပါပြည်နယ်တွင် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလိုင်းများလည်း ပြတ်နေသောကြောင့် ၎င်းတို့သည် ကယ်ဆယ်ရေးအဖွဲ့များနှင့် အဆက်အသွယ်ပြတ်နေကြောင်း သိရသည်။

မိမိ၏မိသားစုနှင့် အိမ်နီးချင်းမိသားစုများလည်း ဒုက္ခရောက်နေကြကြောင်း ကမ်းခြေမြို့တစ်မြို့ဖြစ်သည့် အလက်ပူဇာမြို့တွင် နေထိုင်သူတစ်ဦးက လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘုတ်တွင် ဖော်ပြခဲ့သည်။

အစားအစာလည်းမရှိ၊ ရေလည်းမရှိ၊ အဆက်အသွယ်လည်း ပြတ်တောက်နေသလို၊ မိုဘိုင်းဖုန်းများလည်း ဆက်သွယ်မရကြောင်း၊ ထို့ကြောင့် ကူညီကြပါရန် ၎င်းက ဖေ့စ်ဘုတ်ပေါ်တွင် ဆက်လက်ရေးသားထားသည်။

စစ်ဘက်ရဟတ်ယာဉ် အစင်း ၃၀ နှင့် လှေပေါင်း ၃၂၀ တို့ကို အသုံးပြုပြီး ကီရာလာပြည်နယ်တစ်ဝန်း ကယ်ဆယ်ရေးများ လုပ်ဆောင်နေကြောင်း သိရသည်။ အချို့ဒေသများတွင် မြစ်ရေလျှံပြီး ရေများလွှမ်းမိုးလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ချောင်းရေလျှံပြီး ရေကြီးမှုကြောင့် ဒေသခံများမှာ ရင်စို့ခန့်ရှိသော ရေများကြားတွင် ခဲရာခဲဆစ် ရှင်သန်နေရကြောင်းနှင့် အိမ်များမှာလည်း ရေလွှမ်းမိုးနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အီရတ်တိုက်လေယာဉ်များ ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်များကို ဗုံးကြဲ

**ဘဂ္ဂဒက် ဩဂုတ် ၁၈**
အီရတ်နိုင်ငံ စစ်ဘက်ဆိုင်ရာမှ လေတပ်တပ်ဖွဲ့ တိုက်လေယာဉ်များအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်း၏ တပ်စခန်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး အစွန်းရောက်အဖွဲ့ဝင်များကို ရှင်းလင်းနိုင်ခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

အီရတ်နိုင်ငံလေတပ်မှ အက်ဖ်-၁၆ တိုက်လေယာဉ်များသည် ဆီးရီးယားနိုင်ငံအတွင်းသို့ ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ရန် ထွက်ခွာသွားခဲ့ပြီး အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်း၏ ညွှန်ကြားမှုစခန်းကို တိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် အစွန်းရောက်အဖွဲ့ဝင်များတွင် ရက်အနည်းငယ်အတွင်း အီရတ်နိုင်ငံသို့ ဝင်ရောက်ကာ အကြမ်းဖက်မှုများ ဆောင်ရွက်ရန် စီစဉ်ထားသူများလည်း ပါဝင်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် အီရတ်နိုင်ငံသမ္မတက အိုင်အက်စ်အစွန်းရောက်တပ်ဖွဲ့အား တိုက်ခိုက်ရာတွင် သမိုင်းတွင် အောင်မြင်မှုများ ရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သော်လည်း အီရတ်နှင့် ဆီးရီးယားနိုင်ငံ နယ်စပ် သဲကန္တာရဒေသများတွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဆက်လက်တက်ကြွစွာ လှုပ်ရှားနေဆဲဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဆန်းပိုင်းမှစတင်ကာ အီရတ်နိုင်ငံ စစ်ဘက်ဆိုင်ရာက ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်အစွန်းရောက်တပ်ဖွဲ့ တပ်စခန်းများကို အကြိမ်ကြိမ်ဗုံးကြဲတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အမေရိကန်ကျောင်းသူတစ်ဦး ဓားထိုးခံရ

**အိုကလာဟိုးမား ဩဂုတ် ၁၈**
အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့ အရှေ့မြောက်ဘက် ၄၅ ကီလိုမီတာခန့်ရှိ လူသာမြို့ အထက်တန်းကျောင်းတစ်ကျောင်းတွင် အသက် ၁၄ နှစ်အရွယ် ကျောင်းသူတစ်ဦး ဓားဖြင့် အချက်ပေါင်းများစွာ အထိုးခံခဲ့ရကြောင်း သိရသည်။

လူသာအထက်တန်းကျောင်း၏ ကျောင်းခန်းမတွင် မိတ်ဆက်ပွဲပြုလုပ်နေစဉ် ဓားထိုးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကျောင်းသား ကျောင်းသူ နှစ်ဦးတို့သည် မည်သို့ရှိပြီး အဘယ်ကြောင့် ဓားထိုးမှုဖြစ်ပွားရသည်ကို သိရှိရခြင်း မရှိသေးကြောင်း သိရသည်။ စုံစမ်းစစ်ဆေးမှုများတွင် စာသင်ကျောင်းကို ပိတ်ထားခဲ့ပြီး အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၅၀ စာသင်ကြားနေကြောင်း သိရသည်။

လူသာမြို့သည် အိုကလာဟိုးမား စီရင်စုရှိ မြို့တစ်မြို့ဖြစ်ပြီး အိုကလာဟိုးမားမြို့ရေိယာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကာ ခန့်မှန်းလူဦးရေ ၁၂၀၀ ခန့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြောင်းလဲဆန်းသစ်မှုတွေနဲ့ အာရှပညာရေးအခင်းအကျင်း

**တင်လင်းအောင်**

**အာရှအဆင့်မြင့်ပညာရေးအခင်းအကျင်းမှာ အဓိကပြောင်းလဲမှုအရွေ့တွေဖြစ်နေတဲ့အချိန်မှာ တက္ကသိုလ်တွေအနေနဲ့လည်း သူတို့ရဲ့ပညာရေးစနစ်တွေကို ဖြစ်ပေါ်တိုးတက်လာတဲ့ အခွင့်အလမ်းသစ်တွေနဲ့ ဆီလျော်အောင် တီထွင်ကြံဆလုပ်ကိုင်ခဲ့ပါတယ်။**



### ပညာရေးပြောင်းလဲမှုတွေဖြစ်ခဲ့

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတော်များများက အာရှပညာရေးမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေနဲ့ အရွေ့တွေဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အဓိကပြောင်းလဲမှုတွေကတော့ အာရှမှာရှိတဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို ပုံစံအသစ် ပြန်ဖော်ခဲ့တာပဲဖြစ်ပါတယ်။ အဲဒီလို ပုံစံအသစ်ပြန်ဖော်တဲ့အခါမှာ ကျောင်းသားအလုံးအရင်းနဲ့ အလယ်တန်းလွန်ပညာရေးကို တက်ရောက်ခဲ့ကြပါတယ်။

အဲဒီပညာရေးဟာ ဘာကိုအဓိကအာရုံစိုက်လဲ၊ ရည်မှန်းချက်ထားလဲဆိုတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံကို အဓိကအာရုံစိုက်တာဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ သုတေသနပုံစံတွေ၊ တီထွင်ဆန်းသစ်မှုပုံစံတွေနဲ့ အသင်းအဖွဲ့တွေရဲ့ ပုံစံတွေကိုပါ ပြောင်းလဲကျင့်သုံးခဲ့ပါသေးတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့လို နိုင်ငံတွေဟာ အဆင့်မြင့်အလယ်တန်းလွန် ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းတွေကို ကျမသွားစေဘဲ နှစ်ပေါင်းအတော်ကြာအောင် ထိန်းသိမ်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆယ်စုနှစ်လွန်သမိုင်းဟာ အခုအခါမှာတော့ မျှော်လင့်မထားနိုင်လောက်အောင် ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ အလွန်လျင်မြန်စွာ မျှော်လင့်မထားနိုင်လောက်အောင် ဖွံ့ဖြိုးလာသလို အိန္ဒိယနိုင်ငံမှာလည်း ဖွံ့ဖြိုးလာခဲ့ပါတယ်။

### ဖွံ့ဖြိုးမှုနှုန်းနဲ့ စိန်ခေါ်မှု

ဖွံ့ဖြိုးမှုနှုန်းကတော့ အသိအမှတ်ပြုရလောက်အောင်ပါပဲ။ တရုတ်နိုင်ငံမှာ လာမယ့် ၂၀၂၀ ပြည့်နှစ်လောက်မှာ အဆင့်မြင့် အလယ်တန်းလွန်ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းဟာ ၃၇ သန်းကျော် ရှိလာမှာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ၂၇ သန်းကျော် ရှိလာမှာ ဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင်တဲ့ တိုးတက်မှုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံဟာ ကျောင်းသားတွေကို အသိဉာဏ်ဆိုင်ရာတွေ ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သလို နောက်ထပ် အသက်မွေးမှုပညာတွေကိုလည်း ရွေးချယ်နိုင်မှာပဲ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း သိသာတဲ့ စိန်ခေါ်မှုတွေကတော့ ရှိနေဆဲဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြား ဘွဲ့ရအလုပ်လက်မဲ့နှုန်းဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းအထိရှိခဲ့ပါတယ်။ ကမ္ဘာ့အဆင့်နဲ့ဆိုရင် များလှတယ်တော့မဟုတ်ပေမယ့် အရှေ့တောင်အာရှမှာ နည်းနည်းတော့ များတယ်လို့ ဆိုရမလိုပါပဲ။

### လိုအပ်ချက်ကွာဟ

နောက်တစ်ခုကတော့ အလုပ်ရှင်နဲ့ ဘွဲ့ရတွေကြား လိုအပ်ချက် ကွာဟမှုတွေပဲဖြစ်ပါတယ်။ တက္ကသိုလ်ပြီးသွားတဲ့ ဘွဲ့ရတစ်ယောက်ရဲ့အရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေဟာ စက်ရုံတွေ၊ အလုပ်ရှင်တွေလိုအပ်တဲ့အရည်အချင်းတွေနဲ့ အံချော်နေတုန်းပဲ ဖြစ်ပါတယ်။ ထို့အတူ သင်ကြားတာနဲ့ သင်ယူတာရဲ့ အရည်အသွေးတွေကိုလည်း ဆန်းစစ်မေးခွန်းထုတ်ဖို့အချိန်ဟာလည်း ရောက်ရှိလာခဲ့ပါတယ်။ အဲဒီလို မေးခွန်းထုတ်တာတွေဟာ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာခဲ့ပါတယ်။

တရုတ်နိုင်ငံမှာ အဆင့်မြင့်ပညာရေး လျင်လျင်မြန်မြန်ဖွံ့ဖြိုးလာတာဟာ လိုအပ်ချက်နဲ့ ရရှိမှုတွေကြား ကွာဟမှုတွေကို ဖြစ်လာစေပြီးတော့ ဘွဲ့ရတွေများတဲ့ မြို့ကြီးတွေမှာ အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်မှု ရှိလာခဲ့ပါတယ်။

လတ်တလောမှာ တရုတ်အစိုးရဟာ ကောလိပ်အမြောက်အမြားကို အိမ်တွင်းသက်မွေးမှုပညာသင်ကျောင်းတွေအဖြစ် ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါပြီ။ ဒါဟာ ဘာကို ရည်ရွယ်ပြီး လုပ်ဆောင်သလဲဆိုရင် တကယ့်ဈေးကွက်မှာ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီအောင် ဦးတည်ချက်ထား လုပ်ဆောင်သလို အလုပ်လက်မဲ့နှုန်းတွေ မမြင့်တက်စေဖို့ လုပ်ဆောင်တာပဲဖြစ်ပါတယ်။ သို့ပေမယ့် အဲလိုလုပ်လိုက်တာဟာ အလုပ်ရှိဘွဲ့ရတွေရဲ့လစာ လျော့နည်းသွားနိုင်ခြေရှိပါတယ်။

စင်ကာပူနိုင်ငံလို နိုင်ငံငယ်လေးတစ်ခုမှာ တကယ့်အရေးကြီးတဲ့ မေးခွန်းက ဘာလဲဆိုတော့ ဘွဲ့ရတွေကို လိုအပ်တဲ့ အရည်အသွေးတွေ ပြည့်နေအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

### အကြောင်းအရာမျိုးစုံကို လေ့လာ

အဓိကပြောင်းလဲမှု နောက်တစ်ခုကတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံအပေါ် စိတ်ဝင်စားမှုတွေ မြင့်တက်လာတာနဲ့အတူ အရည်အသွေးမီတဲ့၊ အရည်အချင်းရှိတဲ့ သင်ကြားမှုတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ဟိုးအရင်တုန်းက တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ လေ့လာသင်ယူတဲ့ ပညာရေးပုံစံကနေပြီးတော့ အကြောင်းအရာမျိုးစုံကို လေ့လာတဲ့ ပြောင်းလဲလာမှုတွေအဖြစ် ပေါ်ပေါက်လာခဲ့တာပဲ ဖြစ်ပါတယ်။

### ကျက်ဖြေစနစ်မှ အပြန်အလှန်စနစ်

သင်ခန်းစာတွေအပေါ် အလွတ်ကျက်တာကို အခြေခံတဲ့ ရိုးရာသင်ကြားမှုနည်းလမ်းတွေကနေ ပိုပြီး အပြန်အလှန် တုံ့ပြန်အကျိုးပြုမှုစနစ်တွေနဲ့ သင်ကြားတဲ့ပုံစံတွေကို တိုးတက်ပြောင်းလဲလာပြီဖြစ်သလို တကယ့်ပညာရေးနယ်ပယ်မှာ ထွက်ပေါ်လာမယ့် ရလဒ်တွေကလည်း တကယ့်တီထွင်ဖန်တီးနိုင်မှုတွေ၊ နှိုင်းနှိုင်းချိန်ချိန် ကျိုးကြောင်းမျှတစွာ တွေးခေါ်ဆင်ခြင်စဉ်းစားနိုင်စွမ်းတွေ ပေါ်ထွက်လာရေးပဲ ဖြစ်ပါတယ်။

ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ကမ္ဘာကြီးနဲ့ အာရှအကြောင်း ကောင်းကောင်းနားလည်နိုင်စွမ်းရှိတဲ့ တကယ်အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးထုတ်နိုင်ရေးဟာ တက္ကသိုလ်တွေအတွက် အဓိကရည်မှန်းချက်ဖြစ်သလို အရေးလည်း ကြီးလှပါတယ်။

### သုတေသနစရိတ် မြင့်မားလာ

အာရှ အဆင့်မြင့်ပညာရေးမှာ တတိယပြောင်းလဲမှုတစ်ခုကတော့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေ မြင့်မားလာတာပဲ ဖြစ်ပါတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေကို ကြည့်မယ်ဆိုရင် တောင်ကိုရီးယားရဲ့ ဂျီဒီပီဟာ အစ္စရေးထက် များနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ ပညာရေးအသုံးစရိတ်ကတော့ အာရှကို ကျော်လွှားသွားနိုင်ပါတယ်။

သုတေသနတွေ အားကောင်းကောင်းနဲ့ ဖွံ့ဖြိုးလာတာနဲ့အညီ သုတေသန ဘာသာပြန်ဆိုချက်တွေနဲ့ တီထွင်ဆန်းသစ်မှုတွေဟာ အာရှရဲ့တက္ကသိုလ်တွေကြား ရေပန်းစားလာပါတော့တယ်။ အရေးကြီးဆုံးတစ်ခုကတော့ တက္ကသိုလ်တွေနဲ့ စက်ရုံ၊ အလုပ်ရုံတွေကြား နက်နဲတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် ပေါင်းစပ်လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဲဒီလို လုပ်ငန်းစဉ်တွေမှာ သဟဇာတဖြစ်တာတွေ သိပ်မတွေ့ရသေးပါဘူး။

### လွတ်လပ်တဲ့ရှာဖွေမှု

ပညာရှင်တွေက ပညာရပ်တွေကို လူအများထံ ဖြန့်ဝေပေးဖို့ အာရုံညွှတ်နေပေမယ့် စက်ရုံ၊ အလုပ်ရုံတွေကတော့ ရလဒ်နဲ့ အကျိုးအမြတ်ကိုပဲ ကြည့်လေ့ရှိပါတယ်။ ပညာရေးနယ်ပယ်မှာ ကျင်လည်တဲ့သူတွေဟာ လွတ်လပ်တဲ့ ရှာဖွေမှုတွေကို မြတ်နိုးပြီး ကာလရှည်ကြာလေ့လာမှုတွေအပေါ်မှာ စိတ်ကိုနှစ်မြုပ်ထားလေ့ရှိပါတယ်။ သို့ပေမယ့်လည်း စက်ရုံ၊ အလုပ်ရုံတွေကတော့ အချိန်ကာလသတ်မှတ်ချက်တစ်ခု၊ လုပ်ငန်းအစီအစဉ်နဲ့ ပစ္စည်းအများဆုံးတင်ပို့နိုင်မှုကိုပဲ အဓိကထား အာရုံစိုက်ကြပါတယ်။

ဒီနေရာမှာ ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးဆိုင်ရာ အခင်းအကျင်းတွေ ပြောင်းလဲဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် စက်ရုံ၊ အလုပ်ရုံတွေကလည်း ပွင့်လင်းတဲ့ တီထွင်ဆန်းသစ်မှု နည်းပညာတွေနဲ့ နည်းဗျူဟာတွေအပေါ် ချဉ်းကပ်ဖို့ လုပ်ဆောင်လာကြတာ တွေ့ရပါတယ်။

အခုလို နည်းပညာခေတ်ကြီးမှာ နည်းပညာတွေဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့အရည်အသွေးတွေ၊ ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးပြီး တစ်ဦးတစ်ယောက်ချင်းစီကို တခြားအရာတွေ အများကြီး လုပ်ဆောင်နိုင်အောင် ကူညီပေးပါတယ်။ ခေတ်သစ်စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပုံစံတွေဟာ အသစ်အသစ်သော ပြောင်းလဲလာမှုအကြောင်းတရားတွေအပေါ် တည်မှီနေပါတယ်။ မည်သို့ပင်ဆိုစေ လျင်လျင်မြန်မြန်ဖွံ့ဖြိုးလာတဲ့ အာရှဟာ တက္ကသိုလ်တွေအတွက် ပညာရေးတွေ တိုးတက်အောင်၊ သုတေသနတွေ တိုးတက်အောင်၊ စွန့်ဦးတီထွင်အစီအစဉ်တွေ တိုးတက်အောင် စတဲ့ ကောင်းမွန်တဲ့ အခြေအနေတွေ ဖန်တီးပေးနေတဲ့ အနေအထားတွေ တဖြည်းဖြည်း ပြောင်းလဲလာနေပြီ ဖြစ်ပါကြောင်း။ ။

**ကိုးကား- ချန်နယ်နယူးအေးရှ**

> **“တရုတ်နိုင်ငံမှာ လာမယ့် ၂၀၂၀ ပြည့်နှစ်လောက်မှာ အဆင့်မြင့် အလယ်တန်းလွန် ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းဟာ ၃၇ သန်းကျော် ရှိလာမှာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ၂၇ သန်းကျော် ရှိလာမှာဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင်တဲ့ တိုးတက်မှုပဲဖြစ်ပါတယ်”**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်း ရှေ့ပြေးအစီအစဉ်များ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် နေရာဒေသမရွေး ကလေးအားလုံး အခွင့်အရေးတန်းတူညီမျှ ကာကွယ်ဆေး ရရှိစေရန်အတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်း ပိုင်းလေ့ပရော့ဂျက်အဖြစ် တိုးမြှင့်ဆောင်ရွက်မည့် ရှေ့ပြေးအစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဩဂုတ် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။



မြန်မာတစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးထိုးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးမှစတင်၍ ဆောင်ရွက်မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပိုင်းလေ့ပရော့ဂျက်အနေဖြင့် ဆောင်ရွက်မည့် အစီအမံတို့ကို ရှင်းလင်းပြောကြား ညှိနှိုင်းခြင်းဖြစ်သည်။

တိုးတက်ကောင်းမွန်လာသော ကာကွယ်ဆေးများကဏ္ဍ၊ အသည်းရောင်ဘီ၊ ဂျပန်ဦးနှောက်ရောင်၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးအသစ်များအကြောင်း၊ ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါအကာအကွယ်ပေးမည့်အခြေအနေ၊ အမေရိကန်ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအလိုက် ပြန်လည်ရရှိမည့် ခန့်မှန်းအကျိုးအမြတ်၊ ကျန်းမာရေး သာတူညီမျှမှု၊ ကူးစက်ရောဂါဖြစ်ပွားမှုများမှ ကင်းစင်ပပျောက်ခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကာကွယ်ဆေးလွှမ်းခြုံမှုကဏ္ဍ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်အတွက် ဆောင်ရွက်ထားရှိမှုများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားသောရောဂါတို့၏ နှိုင်းယှဉ်ချက်များစသည်တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက တင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဖြည့်စွက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကာကွယ်ဆေးမရသော၊ ကူးစက်ရောဂါဖြစ်ပွားသော ကလေးငယ်များမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူများ၊ မြို့ပြဧရိယာအနီး ကျူးကျော်အခြေချနေထိုင်သူများ၊ မိဘမဲ့ကလေးများ ခိုလှုံနေထိုင်ရာ ဘုန်းတော်ကြီးကျောင်းများနှင့် မိဘမဲ့ဂေဟာများမှ ကလေးများဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ကာကွယ်ဆေးထိုးလုပ်ငန်းသည် အဓိကအခန်းကဏ္ဍတွင် ရှိနေကြောင်းလည်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# မြစ်ကြီးနားမြို့၌ မီးပွိုင့်များတပ်ဆင်ရန် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြို့နေလူဦးရေနှင့်အညီ တိုးတက်များပြားလာသော မော်တော်ယာဉ်များကြောင့် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ လမ်းဆုံနေရာများ၌ မီးပွိုင့်များ တပ်ဆင် ဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်းတောင်ရပ်ကွက်ရှိ လမ်းသွယ်(၁၃) ကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရောရပ်ကွက်၊ မြန်မာ့စီးပွားရေးဘဏ်ထောင့်ရှိ ထရန်စဖော်မာအား လမ်းနယ်နေရာမှ ရွှေ့ပြောင်းတပ်ဆင်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ရောရပ်ကွက်ရှိ ဆွမ်ပရာဘွမ်လမ်းနှင့် ဆမားလမ်းဆုံနေရာ၌ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် မီးပွိုင့်တပ်ဆင်နိုင်ရေးနှင့် လမ်းတိုးချဲ့ရာတွင် မီးတိုင်နှင့် ဖုန်းကြိုးတိုင်များ ရွှေ့ပြောင်းစိုက်ထူဆောင်ရွက်နေမှုနှင့် မြို့သစ်နာရီစင်လမ်းဆုံနေရာ၌ မီးပွိုင့်တပ်ဆင် ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မြေမြင့်ရပ်ကွက် မိုင်တဲကွေ့နေရာ၌ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် သာယာလှပစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မီးသတ်ရုံးရှေ့မှ လေယာဉ်ကွင်းရှေ့အထိ လမ်းမီးတိုင်များ စိုက်ထူဆောင်ရွက်မည့်အခြေအနေကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ စနစ်တကျ စိုက်ထူဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့်ပြည်နယ်ဝန်ကြီးချုပ်သည် မီးပွိုင့်တပ်ဆင်ဆောင်ရွက်မည့် မြို့သစ်ကြီးရပ်ကွက် ဒန်ဖလားကြီးကွေ့ လမ်းဆုံနေရာနှင့် ခေမာသီရိရပ်ကွက် လမ်းသွယ်(၁၃)အနီးရှိ ပင်မရေနုတ်မြောင်း ဆောင်ရွက်နေမှု၊ အမှတ်(၂) ရဲစခန်းအနီး လမ်းဆုံနေရာ၌ မီးပွိုင့်တပ်ဆင်ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးပွိုင့်များတပ်ဆင်မည့်





လမ်းဆုံနေရာများ၌ လမ်းများတိုးချဲ့ဆောင်ရွက်ရာတွင် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်သွားကြရန်နှင့် လမ်းနယ်မလွတ်သည့်ထရန်စဖော်မာများ၊ မီးတိုင်များနှင့် ဖုန်းတိုင်များကို စနစ်တကျရွှေ့ပြောင်းစိုက်ထူနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# လွိုင်ကော်၌ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုဖိုရမ် ကျင်းပ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အမှာစကားပြောကြား

**လွိုင်ကော် ဩဂုတ် ၁၈**

အစိုးရ၊ လွှတ်တော်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် တွေ့ဆုံ၍ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှု ဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါဖိုရမ်ကို ပြည်နယ်အတွင်းစီမံဆောင်ရွက်လျက်ရှိသော စီမံကိန်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပြည်နယ်၏ရငွေနှင့် သုံးငွေများစီမံခန့်ခွဲနေမှု အခြေအနေများကို လူမှုရေးအသိုင်းအဝိုင်းများ သိရှိနားလည်၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို စီမံခန့်ခွဲရာတွင် ကြုံတွေ့ရသည့် အကန့်အသတ်များ၊ အခွင့်အလမ်းများကို အများပြည်သူများ သိရှိနားလည်လာစေပြီး ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုအား ချပြနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာရှဖောင်ဒေးရှင်း၊ ပြည်ပပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဘဏ္ဍာငွေကြေးများသည် စီမံကိန်းပေါ်မူတည်၍ သုံးစွဲရသည့်အတွက် ပွင့်လင်းမြင်သာရှိရန် ဘဏ္ဍာရေးအရ အသုံးညီမျှရန် ပြည်သူများ ထင်သာမြင်သာရှိဖို့ လိုအပ်ကြောင်း၊ ယနေ့အခမ်းအနားမှာ ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုရှိရန် အဖွဲ့ပေါင်းစုံဖြင့် ဆွေးနွေးနေကြသလို ပြည်သူများ သိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ချပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးက ဖိုရမ်အတွက် မှတ်ချက်စကား ပြောကြားပြီး အာရှဖောင်ဒေးရှင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဖိုရမ်၏ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် ဖိုရမ်တွင် အာရှဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့မှ ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှု အခြေအနေကို တင်ပြခြင်း ဆောင်ရွက်ပြီး ပညာရှင်စကားဝိုင်း အစီအစဉ်များဖြင့် ပြည်နယ်လွှတ်တော်တွင် ဘဏ္ဍာရေးစိစစ်ကြီးကြပ်မှုများ၊ တွေ့ရှိချက်များနှင့် ပြည်သူ့ဗဟိုပြု ဆောင်ရွက်ချက်များ၊ အစိုးရပူးပေါင်း ချိတ်ဆက်ဆောင်ရွက်မှုများ ဆွေးနွေးခြင်း၊ အရပ်ဘက်၊ အစိုးရ၊ လွှတ်တော်ကြား ကူးလူးဆောင်ရွက်နိုင်သော အခွင့်အလမ်းများအကြောင်း (မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်) ရေတိုကာလ လက်ငင်းဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ၊ ရေရှည်အချိန်ယူ ပြင်ဆင်ရမည့်ကိစ္စရပ်များ (မူဝါဒများ၊ ဥပဒေများ)ကိုဆွေးနွေးကြောင်း သိရသည်။ **စိုင်းညဏ်လင်းထွဋ်**

## မွန်ပြည်နယ်အတွင်း ကရင်တိုင်းရင်းသားရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲများ ကျင်းပရန် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်းပေါင်း ၅၅၀ ထောက်ပံ့မည်

**သထုံ ဩဂုတ် ၁၈**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတို့တွင် ယခုနှစ်၌ ကျင်းပမည့် ကရင်တိုင်းရင်းသားရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲများ ကျင်းပနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်းပေါင်း ၅၅၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များကို အသိအမှတ်ပြုသည့်အနေဖြင့် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားများကို မြို့ပေါ်နှင့် ကျေးလက်များပါမကျန် ကျင်းပနိုင်ရန် အားပေးကူညီ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က ပြောသည်။

"ငွေကတော့ သက်ဆိုင်ရာနေရာအလိုက် ပြုလုပ်တဲ့ အခမ်းအနားတွေရဲ့ကုန်ကျစရိတ်အတွက် လုံလောက်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ကရင်လူမျိုးတွေရဲ့ ရိုးရာအစဉ်အလာပွဲတစ်ခုကို အစိုးရက အသိအမှတ်ပြုပေးတာပါ"ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

မွန်ပြည်နယ်အတွင်း ယင်းပွဲတော်များကို ဝါခေါင်လဆန်းပိုင်းမှစတင်ကာ ဒေသအလိုက် အစုအဖွဲ့အလိုက်ကျင်းပလေ့ရှိပြီး ကရင်တိုင်းရင်းသား ဘိုးဘွား၊ မိဘ၊ ဆွေမျိုးများအားလုံး စုစည်းညီညွတ်မှုရှိစေရန်၊ အကြောင်းအမျိုးမျိုးကြောင့် မိသားစုဝင်များ လျော့ပါးသွားခြင်း နာနာဘာဝများနှင့် သားသမီးမြေးမြစ်များအား ခွဲခြားနိုင်စေရန် လက်ချည်သည့်ဓလေ့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ခုလိုထောက်ပံ့ပေးတာက ဝမ်းသာရမှာပါ။ အစိုးရအဖွဲ့အနေနဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုကို အသိအမှတ်ပြု အလေးထားလာတယ်လို့မြင်ပါတယ်။ ပမာဏအားဖြင့်တော့ နည်းပေမယ့် ဒီလိုအားပေးတဲ့အတွက် ကျေးဇူးတင်ရမှာပါ" ဟု သထုံမြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု အဖွဲ့နာယက ဦးစောစံတင်က ပြောသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်တစ်ခုတွင် မြို့နယ်အဆင့် ကျင်းပနိုင်ရန် ငွေကျပ် ၁၅ သိန်းနှုန်းနှင့် ကျေးရွာအလိုက် ကျင်းပမည့် နေရာတစ်ခုလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းတို့ဖြင့် မြို့နယ်အဆင့် ၁၀ နေရာ၊ ကျေးရွာအဆင့် ၁၂၅ နေရာတို့ကို ပြည်နယ်အစိုးရအဖွဲ့မှ ယခုနှစ် ကရင်တိုင်းရင်းသားရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲများ ကျင်းပနိုင်ရေး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# သွားနှင့်ခံတွင်းအသိပညာပေးမှုဖြင့် ဂင်းနက်စ်စံချိန်ချိုးရန် ကြိုးပမ်း



**ရန်ကုန် ဩဂုတ် ၁၈**

၂၀၂၀ ပြည့်နှစ်မကုန်မီ မြန်မာနိုင်ငံအတွင်း လူသန်းပေါင်း ၃၀ သွားနှင့်ခံတွင်းသန့်ရှင်းရေး သိရှိနားလည်စေရန်နှင့် မိသားစုများအတွင်း သွားပိုးပေါက်ကင်းစင်သော အနာဂတ်ကိုဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့အကြီးဆုံး သွားနှင့်ခံတွင်း အသိပညာပေးမှုဖြင့် ဂင်းနက်စ် စံချိန်ချိုးရန် ကြိုးပမ်းမှုတစ်ရပ်ကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစား ပြိုင်ပွဲရုံ ၁ ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၊ ဆစ်ဂနယ်သွားတိုက်ဆေးမှ တာဝန်ရှိသူများ၊ တာမွေနှင့် သဃ်္ဃန်းကျွန်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းပေါင်း ၁၆ ကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀၀ တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်မြင့်နှင့် ဒေါက်တာနှင်းနွယ်ဖြိုးတို့က ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်း သိကောင်းစရာများအကြောင်းကို ဂင်းနက်စ်စံချိန်ချိုးရန် ကြိုးပမ်းမှုအဖြစ် သရုပ်ပြဟောပြောခြင်း၊ ကျောင်းသားကျောင်းသူများအား သွားတိုက်တံနှင့် သွားကြားပွတ်ကြိုးတို့ကို ပေးထားပြီး မှန်ကန်သော သွားတိုက်နည်းစနစ်များကို ဟောပြောသည်။ ယင်းဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးပမ်းမှုအဖြစ် မျက်မြင်သက်သေနှစ်ဦး၊ အချိန်စောင့်ကြည့်မှတ်သားသူနှစ်ဦးအပြင် အားကစားနှင့် ကာယပညာသိပ္ပံ ဦးစီးဌာနမှ နည်းပြ ၅၀ တို့က စံချိန်ချိုးပွဲကြီးတစ်ခုလုံးကို ကြီးကြပ်ဆောင်ရွက်ပေးသည်။

၂၀၁၆ ခုနှစ် Myanmar National Oral Health Survey အရ မြန်မာနိုင်ငံတွင် အသက်ခြောက်နှစ်အရွယ်ကလေး ၈၃ ဒသမ ၆ ရာခိုင်နှုန်းမှာ သွားပိုးစားနေကြကြောင်း၊ အသက် ၁၂ နှစ်အရွယ် သွားပိုးစားနှုန်းမှာ ယောကျ်ားလေး ၃၅ ရာခိုင်နှုန်းနှင့် မိန်းကလေး ၃၈ ရာခိုင်နှုန်းရှိကြောင်း၊ သွားပိုးစားခြင်း၏ အဓိကအကြောင်းအရင်းမှာ ချို၍စေးကပ်သော အစားအစာများ စားသုံးခြင်းကြောင့် ဘက်တီးရီးယားနှင့် ပေါင်းစပ်သွားပြီး အက်စစ်ကြောင့် သွားအခေါင်းပေါက်ကာ သွားပိုးစားခြင်းဖြစ်ကြောင်း၊ ယင်းအတွက် မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းကျန်းမာ ရေးသည် အလွန်ပင်အရေးကြီးကြောင်း ဒေါက်တာမောင်မောင်မြင့်က ရှင်းပြ သည်။

သွားနှင့်ခံတွင်းအသိပညာပေးမှုကို ယခင်က အိန္ဒိယနိုင်ငံမှ လူပေါင်း ၁၈၂၂ ဦးက လူအများဆုံးတက်ရောက်မှုဖြင့် ဂင်းနက်စ်စံချိန်ချိုးထားကြောင်း သိရသည်။

သွားပိုးစား သွားကိုက်ခြင်းကို ကာကွယ်နိုင်ရန်အတွက် ဖလိုရိုက်ပါသော သွားတိုက်ဆေးနှင့် နူးညံ့သော သွားပွတ်တံကို အသုံးပြုခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးကို အထောက်အပံ့ဖြစ်စေမည့် အစားအစာများကိုစားသုံးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် တစ်နှစ်နှစ်ကြိမ် သွားဆရာဝန်နှင့်ပြသခြင်း၊ သွားကို မနက်အစာစားပြီး တစ်ကြိမ်နှင့် ညအိပ်ရာမဝင်မီတစ်ကြိမ် တစ်နေ့ နှစ်ကြိမ်နှုန်းဖြင့် နည်းစနစ်မှန်ကန်စွာ သွားတိုက်သင့်ကြောင်း သိရသည်။

**မြင့်မောင်စိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-တင်စိုး**

### ရမည်းသင်းမြို့နယ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ပထမအဆင့် အကြိုလုပ်ငန်း ဆောင်ရွက်

**ရမည်းသင်း ဩဂုတ် ၁၈**

ရမည်းသင်းမြို့နယ်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ စတင်၍ ဓာတ်အားလိုင်း နှစ်မိုင်အတွင်းရှိသည့် ကျေးရွာများ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။

NEP ပထမအဆင့်တွင် ရမည်းသင်းမြို့နယ်အတွင်း ကျွန်းကျင်းရွာ၊ ဆူးရဲတောင်၊ ကံသာ၊ ကျောက်ဖူး၊ သိုက်မြောင်၊ ဓမ္မပါလကျေးရွာ ခြောက်ရွာ ခွင့်ပြုမိန့်ရရှိပြီးဖြစ်သည့်အတွက် ဩဂုတ် ၁၆ ရက်မှ စတင်၍ ကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရန် မြို့နယ် လျှပ်စစ်မန်နေဂျာက ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဖြစ်သည့်အတွက် ကျေးရွာများမှ ကြိုတင်၍ ကွန်ကရစ်ဓာတ်တိုင်များ စုပုံခြင်း၊ ဓာတ်အား ၄၀၀ ဗို့လိုင်းဆွဲရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာမီးလင်းပြီးဖြစ်သည့် ၁၅ ရွာ အစားထိုးဆောင်ရွက် ရွေးချယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ NEP စီမံကိန်းဖြင့် ကျေးရွာ ၂၁ ရွာ မကြာမီ လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

### တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ တိုးတက်စေရန် မှိုစိုက်ပျိုးနည်းသင်တန်းပေး

**နေပြည်တော် ဩဂုတ် ၁၈**

လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးကျောင်း အထောက်အကူဖြစ်စေရန်အတွက် မှိုစိုက်ပျိုးနည်းသင်တန်းကို ဩဂုတ် ၉ ရက်မှ ၁၇ ရက်အထိ ဝင်တဲကူးကျေးရွာတွင် သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။



မှိုစိုက်ပျိုးနည်းပညာများကို ကျွမ်းကျင်တတ်မြောက်ပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်ကာ အဆိုပါ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးက ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးချိုက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

### ပြင်ဦးလွင် ရေပုံ့တောင်ရေတံခွန်သို့ လာရောက်လည်ပတ်သူ နည်းပါးလာ

**ပြင်ဦးလွင် ဩဂုတ် ၁၈**

ပြင်ဦးလွင်မြို့တွင် ရေတံခွန်များစွာရှိသည့် အနက် လွန်ခဲ့သည့် နှစ်အနည်းငယ်မှ စတင်၍ နာမည်ကျော် လူသိများလာခဲ့သည့် ရေပုံ့တောင်သဘာဝရေတံခွန်သို့ ယခုရက်ပိုင်း၊ လပိုင်းအတွင်း လာရောက်လည်ပတ်ကြသူ နည်းပါးသွားကြောင်း သိရသည်။

“အရင်တုန်းကတော့ ရေတံခွန်ကို နေ့စဉ်နဲ့အမျှ အများအပြားလာရောက်ကြပြီး အခုနည်းသွားတာကို တွေ့ရတယ်။ အကြောင်းရင်းကတော့ မိုးရာသီဖြစ်နေလို့ရယ်၊ မိုးတွေရွာထားတော့ လမ်းတွေပျက်စီးနေတာကြောင့် သွားလာလို့မကောင်းတော့တာတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ချက်က ရေတံခွန်က အတက်အဆင်းလမ်းကြမ်းတော့ အန္တရာယ်ဖြစ်မှာကို စိုးရိမ်ကြပြီး လာရောက်သူ နည်းသွားတာလည်း ပါမယ်ထင်တယ်” ဟု ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ရေပုံ့တောင်ရေတံခွန်သည် ပြင်ဦးလွင်မြို့၏ အရှေ့တောင်ဘက် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ငါးမိုင်အကွာ၌ တည်ရှိနေပြီး ရေတံခွန်အဆင့် ရှစ်ဆင့်ပါသည့် တောတွင်းသဘာဝရေတံခွန်တစ်ခု ဖြစ်သည်။ ရေတံခွန်ပတ်ဝန်းကျင်၌ သဘာဝတောတောင်များ ရှိနေခြင်း၊ ဆိတ်ငြိမ်အေးချမ်းခြင်း၊ သဘာဝကျကျ သာယာလှပခြင်း၊ ရေတံခွန်အနီးရှိ သဘာဝလိုဏ်ဂူများကို လေ့လာနိုင်ခြင်း၊ ဒေသခံတောင်သူများ၏ တောင်ယာစိုက်ခင်း မြင်ကွင်းအလှများကို ကြည့်ရှုခံစားနိုင်ခြင်း၊ လူဝင်ကြေး၊ ယာဉ်ရပ်နားခ စသည်တို့ ကောက်ခံမှုမရှိခြင်း၊ ပြင်ဦးလွင်မြို့နှင့် အလှမ်းမဝေးခြင်းတို့ကြောင့် လာရောက်လည်ပတ်သူတို့ သဘောကျနှစ်သက်သည့် နေရာတစ်ခုဖြစ်နေကြောင်း သိရသည်။

“ရေပုံ့တောင် ရေတံခွန်က ရွာတွေနဲ့ အလှမ်းဝေးတဲ့နေရာမှာ တည်ရှိနေပြီး ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင်ရေတံခွန်တွေမှာလို ဧည့်သည်တွေကို အားကိုးအားထားရတဲ့ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တန်းတွေ အများအပြားမရှိသေးတဲ့အတွက် ဒေသခံတွေအတွက်တော့ အခုလို လူအလာနည်းပါးသွားတဲ့အတွက် နစ်နာမှုတွေ မရှိပါဘူး။ ပွင့်လင်းရာသီ ပြန်ရောက်ရင်တော့ ဧည့်သည်တွေ များပြားလာမယ်လို့ထင်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရေပုံ့တောင် သဘာဝရေတံခွန်သို့ ညောင်နီ၊ ပိန္နဲကုန်း၊ ညံ့ညင်းသာ၊ အင်းပုတ်၊ ရွှေသင်းစသည့် ကျေးရွာများမှတစ်ဆင့် သွားလာနိုင်ကြပြီး ပြင်ဦးလွင်မြို့မှ သွားရောက်မည်ဆိုပါက ကား၊ ဆိုင်ကယ်တို့နှင့် အချိန် ၄၅ မိနစ်ဝန်းကျင် ကြာမြင့်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၅/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၅/၉၈၀ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၀၀/၉၄၀ ကျပ် | ၉၇၅/၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၅/၉၈၀ ကျပ် | ၁၀၂၅/၁၀၄၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၃ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ · ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၅ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၁ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ · ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၇၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ · ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၀၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ · ၁၄၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ဝ၆၇-၄၀၄၂၂၂၊ ဝ၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း


| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm


HTOO
ဦးလေး...ကျွန်တော့်ကို အကူအညီပေးပါ...
ဘာကူညီရမှာလဲကွာ...ပြောစမ်း
ဟို အပေါ်က ကြောင်လေးကို ချပေးပါလား...
လှေကား သေချာကိုင်ပေးထား...ငါတက်ဖမ်းမယ်...
စိတ်ချ...ကျွန်တော်ကိုင်ထားပေးပါ့မယ်...
အဲ...ဟို...ဟိုမှာ...
ပုစိကဟိုမှာပဲဟ...ဒါ...ဒါဆို...
သစ်ပင်ပေါ်ကဟာ ကျွန်တော့်ကြောင်မဟုတ်ဘူး...မဖမ်းခဲ့တော့...ရပြီ...
လှေကား ထောင်ပေး ဦးလေးကွ.... ဘယ်ရောက်သွားပြီလဲဟ....


ကျော်
သားသမီး ဆိုတာ
ပြောပါဦး
သားသမီးတွေဟာ သူတို့ ကံနဲ့သူတို့ လာကြတာ-
သားတို့ စားကြ
ကံ ကောင်းတဲ့ ကလေးကျတော့လည်း သူ့ ကံကြောင့် မိဘတွေ စီးပွားတိုးသတဲ့
တို့ခေါင်းရင်းအိမ်က ကလေးများ ကိုယ်ဝန်ရကတည်းက တရိပ်ရိပ် စီးပွား တက်တာ ...
ခု သိန်းငါးထောင် ဆု ကြီးပေါက်သွားပြီ
ဟုတ်ပါ့ အမေ့သားကျော် လည်း အမေ့ကို မ ပါလား
အာဗျာ- အမေ့ဒီလောက်ကြီးတဲ့ ခန္ဓာကိုယ်ကြီး သားဘယ်လို မ နိုင်မှာလဲ




ကာတွန်း မိုးရာ
ပိညွက်
ဟင်.. နင်နဲ့ငါ ပေါင်အတူတူ ပါလား
မဖြစ်ဘူး..မဖြစ်ဘူး..ကြောင်နဲ့ ပေါင်အတူတူဖြစ်နေတယ် ဆိုတာ ဂုဏ်ကြီးလို့မကောင်းဘူး
ကြာရင်..ပိညွက် နာမည်ထက် အဆင့်နိမ့်တဲ့ ပိစိညှောင့်တောင့် နာမည်တွင်သွား လိမ့်မယ်.. ပေါင်ကျအောင် လုပ်ရမယ်..
ယိ
ယား
ဟွန်း..ကိုယ့်ကိုယ်ကိုယ်..မညှာမတာ..မဆင် မခြင်..နင်းကန်မောင်းတော့..ကိုယ်လက် တွေကိုက်ခဲပြီး..ဖျားပြီ..
အဖျား ကျသော်
ကြောင်ထက် တောင်..ပေါင် လျော့သွားပြီ..
ပြီး




မိုးမိုး
တောပတ်သုပ်
နံပြား မိုးကင် တောပတ်သုပ်တစ်ပွဲ-

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အမျိုးသားအဆင့် ရာသီဥတုနှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးစင်တာဖွင့်



နေပြည်တော် ဩဂုတ် ၁၈

**လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးနှင့်အဆင့်မြင့်ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်သင်ကြားပေးနိုင်ရေး အထောက်အကူပြုစေရန် ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့(FAO) နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (YAU) တို့ ပူးပေါင်း၍ ယမန်နေ့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အမျိုးသားအဆင့် ရာသီဥတုနှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးစင်တာဖွင့်ပွဲအခမ်းအနားကျင်းပသည်။**

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သဘာဝဘေးဖြစ်စဉ်များကြောင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များက စိုက်ကွင်းများအရောက်ကွင်းဆင်းလေ့လာ၍ရာသီဥတုနှင့် သဟဇာတဖြစ်သည့်စိုက်ပျိုးသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် FAO ဌာနေ ကိုယ်စားလှယ်တို့က အမျိုးသားအဆင့် ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်၊ သုတေသနဓာတ်ခွဲခန်းများနှင့် စိုက်ပျိုးရေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လက်တွေ့ လေ့လာသင်ကြားနေကြသည့် စိုက်ကွင်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အမျိုးသားအဆင့် ရာသီဥတုနှင့် သဟဇာတဖြစ်သောစိုက်ပျိုးရေးဌာနအား ဘွဲ့လွန်နှင့် ပါရဂူသင်တန်းသားများ လက်တွေ့လေ့လာသင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ဖွံ့ဖြိုးရေးအတွက် ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီစီမံကိန်းကို FAO က ဦးဆောင်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး သစ်တောမြေနဲ့ စိုက်ပျိုးမြေတွေကို ဘယ်လိုစီမံခန့်ခွဲကြမလဲဆိုတာတွေကို ပြုလုပ်နေတဲ့ စီမံကိန်းဖြစ်ပါတယ်။ FAO ကနေ ထောက်ပံ့ပေးထားတဲ့ အမျိုးသားအဆင့် ရာသီဥတုနဲ့ သဟဇာတဖြစ်တဲ့ စိုက်ပျိုးရေးစင်တာကနေ ရရှိတဲ့အဓိက နံပါတ်တစ်က လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ ရည်ရွယ်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ လာရောက်ပြီး ဒီစင်တာကို ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါတယ်" ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ်က ပြောသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ လွှတ်တော်ရေးရာကော်မတီများမှ တာဝန်ရှိသူများ၊ FAO ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ သုတေသနပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မေမိုးသဲ**

# အာဆီယံအပေါင်း သုံးနိုင်ငံ အရေးပေါ်ဆန်အရန်ရိက္ခာ စီမံကိန်းသဘောတူညီချက်အရ သဘာဝဘေးသင့်ပြည်သူများအတွက် APTERR ဆန်ရိက္ခာအထောက်အပံ့ စီစဉ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

မွန်ပြည်နယ်အတွင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုတွင် ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ် (၃)အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာတန်ချိန် ၃၆ တန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ လှူဒါန်းသော မျိုးစပါးတင်း ၁၀၀၀၊ ကြက်သွန် ပိဿာ ၂၂၅၀ နှင့် UNICEF မှ ရေသန့်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အခြေစိုက် APTERR အတွင်းရေးမှူး ရုံးအကြီးအကဲနှင့် အလှူရှင် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။




အခမ်းအနားတွင် သက်ဆိုင်ရာ အလှူရှင်ကိုယ်စားလှယ်က ဆန်ရိက္ခာတန်ချိန် ၃၆ တန်အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးစပါးတင်း ၁၀၀၀၊ ကြက်သွန် ပိဿာ ၂၂၅၀ (**အပေါ်ယာပုံ**) နှင့် UNICEF မှ ရေသန့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများအကြား စားနပ်ရိက္ခာဖူလုံမှု အာမခံချက်ရရှိရန်နှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကျရောက်မှု ဖြစ်ပေါ်ပါက ဒေသတွင်းအရေးပေါ် ဆန်အရန်ရိက္ခာ ဖြည့်တင်း ထောက်ပံ့ကူညီပေးနိုင်ရန် တို့ကို ရည်ရွယ်၍ အာဆီယံအပေါင်းသုံးနိုင်ငံ အရေးပေါ်ဆန်အရန်ရိက္ခာ စီမံကိန်းသဘောတူညီချက် (ASEAN Plus Three Emergency Rice Reserve-APTERR Agreement) ကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာနိုင်ငံသည်လည်း အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။


ယင်းသဘောတူညီချက်အရ အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် မတည်ရန်ပုံငွေ (Endowment Fund) ကို ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၈၃၀၀၀ နှင့် နှစ်စဉ်လုပ်ငန်းအကောင်အထည်ဖော် ကုန်ကျမှုစရိတ် (Operational Cost)ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ နှုန်းဖြင့် ငါးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ထည့်ဝင်ခဲ့သည်။


အာဆီယံအရန်ဆန်များကို အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျ လက်ခံသိုလှောင်သည့်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပြီး ယင်းစနစ်အရ ၂၀၁၇-၂၀၁၈ခုနှစ်အတွင်း အာဆီယံဒေသတွင်း နိုင်ငံများတွင် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းလာသည့် ဆန်တန်ချိန် ၅၀၀ အား ၂၀၁၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများတွင် လည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံမှ လှူဒါန်းလာသည့် ဆန်တန်ချိန် ၅၀၀ အား ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ သိုလှောင်ရုံများတွင် လည်းကောင်း သိုလှောင်ထားရှိခဲ့သည်။


အဆိုပါဆန် တန် ၁၀၀၀ အား မြန်မာနိုင်ငံရှိ သိုလှောင်ရုံများတွင် ၁၂ လထားရှိပြီး သဘာဝဘေးခံရသည့် အဖွဲ့ဝင်နိုင်ငံများသို့ စည်းကမ်းချက်များနှင့်အညီ ဖြန့်ဝေပေးရန်နှင့် ၁၂ လအတွင်း ကပ်ဘေးအရေးပေါ်အခြေအနေ ကျရောက်ခြင်းမရှိပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အာဟာရဓာတ်ချို့တဲ့မှု ပပျောက်ရေးစီမံကိန်း အဆိုပြုလွှာရေးသား၍ APTERR အတွင်းရေးမှူးရုံးသို့ တင်ပြအသုံးပြုရန် ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးနှင့် စစ်ဘေးရှောင်ပြည်သူများအတွက် တာဝန်ရှိသူများက APTERR အတွင်းရေးမှူးရုံးသို့ တင်ပြပြီး ဆန်ရိက္ခာ အထောက်အပံ့ခံစားနိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရေဝင်နစ်မြုပ်နေသော ရဲဝန်ထမ်းအိမ်ရာမိသားစုများအား ဆန်၊ ဆီနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ပေးအပ်


**ကျိုက်မရော ဩဂုတ် ၁၈**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်ရှိ ရေဝင်နစ်မြုပ်နေသော ရဲဝန်ထမ်းအိမ်ရာမိသားစု ၁၅ စုအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ရေသန့်ဘူးများကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က ဩဂုတ် ၁၈ ရက်တွင် ရဲဝန်ထမ်းအိမ်ရာများသို့ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ကလိုင်းကနိုင်ကျေးရွာ အပေါ်ရွာနှင့် အလယ်ရွာမှ အိမ်ထောင်စု ၅၀ ကျော်အား ဆန်၊ ဆီနှင့် အဝတ်အထည်များကို သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**



# ချင်းပြည်နယ်သို့လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ သမိုင်းဝင်ရှာလ်လုမ်းခံတပ်သို့ သွားရောက်လည်ပတ်နိုင်

**တီးတိန် ဩဂုတ် ၁၈**

ချင်းပြည်နယ်သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာနှင့် ဖလမ်းမြို့အကြား ဇောင်ကောင်ကျေးရွာလမ်းခွဲမှတစ်ဆင့် ဝေါ့လာ့ကျေးရွာမှ လေးဖာလုံခန့်အကွာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် သက်တမ်း ၁၂၉နှစ်ရှိပြီဖြစ်သော သမိုင်းဝင်ရှာလ်လုမ်းခံတပ်(Siallumh Fort- New Taitan)သို့သွားရောက်လည်ပတ်နိုင်ကြောင်း ချင်းပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ရှာလ်လုမ်းခံတပ်သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ၄၇၀၀ တွင်တည်ရှိပြီး ချင်းပြည်နယ်(မြောက်ပိုင်း) ဖလမ်း၊ ဟားခါးနှင့်တီးတိန် မြို့နယ်သို့သွားသည့် လမ်းသုံးပွင့်ဆိုင်နေရာတွင် တည်ရှိသည်။ ရှာလ်လုမ်းခံတပ်၏ အကျယ်အဝန်းမှာ ၂ဒသမ ၇၅၅ ဧကကျယ်ဝန်းပြီး ရှာလ်လုမ်းခံတပ်ကို ကျင်းကြီးသုံးကျင်းအပြင် ကျင်းငယ်များ၊ ကြည့်ကင်းများဖြင့် ဆောက်လုပ်ထားသည်။ ခံတပ်၏အောက်ပိုင်းတွင်လျှိုမြောင်၊ ချောင်း၊ ကမ်းပါးယံများရှိသည်။ ခံတပ်ကတုတ်ကျင်းများကို ချောင်း၏တစ်ဖက်တစ်ချက်တွင် ဆောက်လုပ်ထားပြီး ဆက်သွယ်ရေးကတုတ်ကျင်းများဖြင့် ဆက်သွယ်ပေးထားသည်။

ထို့အပြင် ကူလ်ပီး(Kulhpi)ခေါ် ပင်မကတုတ်ကျင်းနှင့်ချောင်းနှင့်ချောင်း၏ အရှေ့ဘက်တွင် နူပီးကူလ်(Nupi Kulh) ခေါ် အမျိုးသမီးများခံတပ်ကိုလည်း တည်ဆောက်ထားကြောင်း၊ ဆက်သွယ်ရေးကျင်း၏အလယ်ခန့်တွင် ကူလ်ပဲင် (Kulhpeng)ခေါ်နတ်ဆရာအကြီးအကဲနေရာယူထားသည့်ကျင်းဆောက်လုပ်ထားကြောင်း၊ ခံတပ်ကတုတ်ကျင်းအားလုံးကို ကျောက်တုံးကြီးများဖြင့်ကာရံ၍ အပေါ်တွင် သစ်တုံးကြီးများ၊ သစ်ခက်များဖြင့် ဖုံးအုပ်ထားပြီးသစ်တုံးကြီးများပေါ်တွင် လွယ်ကူစွာမမြင်နိုင်ရန် မြေဖို့ထားကာ သစ်ပင်များစိုက်ထားကြောင်း၊ နိုင်ငံတော်မှ ခံတပ်တွင် အမြဲတမ်းဝန်ထမ်းတစ်ဦးကို အစောင့်အဖြစ်ခန့်ထားပြီး အခမဲ့ လေ့လာခွင့်ပြုခဲ့ရာ တစ်နှစ်လျှင် ခံတပ်လေ့လာသူဦးရေမှာ ပျမ်းမျှ ၂၅၀ ခန့်ရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း အဘိုးအဘွားများ၏ သွေးသားအနီးစပ်ဆုံး ဝေါ့လာ့ကျေးရွာမှသားစဉ်မြေးဆက်ဆက်များမှ ဦးဆောင်၍ ၂၀၁၄ ခုနှစ် မေ ၄ ရက်နေ့မှ အစပြုကာ အောက်မေ့ဖွယ်အခမ်းအနားကို ယနေ့အထိ အစဉ်အလာမပျက်ကျင်းပပြုလုပ်လျက်ရှိကြောင်း ဒေသခံဝေါ့လာ့ကျေးရွာနေ ဦးနန်ဇထောင်းက ပြောဆိုသည်။



ကမ္ပည်းကျောက်စာတိုင်များ



ရှာလ်လုမ်းခံတပ်၌ ကျဆုံးခဲ့သောရဲဘော်၊ ရဲမေဘိုးဘွားများ၏ အုတ်ဂူများ

ရှာလ်လုမ်းခံတပ်တိုက်ပွဲသည် ၁၈၉၉ ခုနှစ် မေ ၄ ရက်တွင်ဖြစ်ပွားခဲ့ပြီး ချင်းတိုင်းရင်းသားများအနေဖြင့် နယ်ချဲ့အား ရှုပ်ရှုပ်ချွံချွံခုခံတိုက်ခိုက်ခဲ့သဖြင့် နယ်ချဲ့ဘက်မှ စုစုပေါင်း ၃၆ဦးကျဆုံးခဲ့၍ လူအသေအပျောက်များသည့် ပြင်းထန်သော တိုက်ပွဲဖြစ်သည့်အပြင် အင်္ဂလိပ်တို့၏ အပြည်ပြည်ဆိုင်ရာတိုက်ပွဲများထဲတွင် အခက်ခဲဆုံး၊ အခိုင်မာဆုံးခံတပ်နှင့် သမိုင်းအထောက်အထားတစ်ရပ်အဖြစ် မှတ်တမ်းတင်ထားသောကြောင့် ချင်းပြည်နယ်သို့ အလည်တစ်ခေါက်လာရောက်လည်ပတ်ခဲ့ပါက ချင်းပြည်နယ်၏ အထင်ကရနေရာတစ်ခု ဖြစ်သည့် အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန် အပြင် ချင်းတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ကို ထင်ဟပ်စေသည့် သမိုင်းဝင်ရှာလ်လုမ်းခံတပ်သို့ လာရောက်လည်ပတ်လေ့လာနိုင်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ လေ့လာကြည့်ရှုနိုင်ရေး၊ မှတ်တမ်းတင်နိုင်ရေး၊ လာရောက်သူများ ရာသီမရွေး ခိုင်မာသော၊ ကျယ်ပြန့်သော မော်တော်ကားလမ်းကိုအသုံးပြု၍ လွယ်ကူစွာသွားလာနိုင်ရေးတို့အတွက် ချင်းပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြည်နယ်မှူး ဒေါ်ငိုင်ဟောက်နြောင်၏ ပြောပြချက်အရ သိရသည်။

**နေစု(ချင်းရိုးမ)**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျောင်းတွင်းသိပ္ပံနှင့်သင်္ချာဘာသာရပ် ပြပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ကြို(BEd) ကျောင်းသား ကျောင်းသူများ ပထမဦးဆုံးအကြိမ်ဆောင်ရွက်သော ကျောင်းတွင်းသိပ္ပံနှင့် သင်္ချာဘာသာရပ် (School Science and Mathematics Fair) ပြပွဲကို ယမန်နေ့က ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲကို သိပ္ပံဘာသာတွဲနှင့်သင်္ချာဘာသာတွဲ အထူးပြုသင်ယူနေကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ပြောင်းလဲလာသော ပညာရေးစနစ်၏ စိန်ခေါ်မှုများကြောင့် စာသင်ခန်းထဲတွင် သာမန်သင်ကြားခြင်းမျိုးမှ လက်တွေ့ပိုင်းဆိုင်ရာများနှင့် ချိတ်ဆက်သင်ကြားနိုင်စေရန်အတွက် ယခုကဲ့သို့ကျောင်းတွင်းပြပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်းသိရသည်။

"ဘာသာရပ်တစ်ခုကို ပညာရေးတက္ကသိုလ်မှာ သင်ယူလေ့လာပြီး ကျောင်းတွေမှာ ပြန်ပြီးပို့ချသင်ကြားပေးမယ့် ဆရာ ဆရာမတွေကို ၂၁ ရာစု ကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ဖို့နဲ့ သင်္ချာနဲ့သိပ္ပံဘာသာရပ်ကို နှစ်ခြိုက်ပျော်ရွှင်စွာနဲ့ သင်ယူပြီးတဲ့နောက်မှာ ဒီစွမ်းရည်တွေတိုးတက်ဖို့အတွက် ဘက်ပေါင်းစုံတွေးခေါ်ကြံဆမှုတို့၊ အခက်အခဲဖြေရှင်း ကျော်လွှားမှုတွေကို ကိုယ်တိုင်လက်တွေ့ဆောင်ရွက်နိုင်ဖို့၊ သူတို့ကို လေ့ကျင့်ရင်းနဲ့ ဒီပွဲကို ဆောင်ရွက်သလို အခြေခံကျောင်းတွေက လာရောက်လေ့လာခြင်းအားဖြင့်လည်း သူတို့ကိုယ်တိုင်တိုးတက်တယ်၊ အချင်းချင်းလည်း မျှဝေသင်ယူလေ့လာ တတ်စေဖို့အတွက် ပထမဦးဆုံးအကြိမ်ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်က ပြောကြားသည်။

ယနေ့ကျင်းပသော ကျောင်းတွင်းသိပ္ပံနှင့်သင်္ချာဘာသာရပ်ဆိုင်ရာပြပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ဇီဝဗေဒဌာန၊ ပထဝီဝင်ဌာန၊ သင်္ချာဌာန၊ အင်္ဂလိပ်စာဌာန၊ သင်ပြနည်းဌာန၊ ပညာရေးစိတ်ပညာဌာနနှင့် လေ့ကျင့်ရေးအထက်တန်းကျောင်းတို့မှ ပြခန်းများအပါအဝင် ပြခန်း ၉ ခန်း ပြသထားကြောင်း သိရသည်။ ပြပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့် လာရောက်အားပေးကြည့်ရှုခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




# မြန်မာနှင့် ဒိန်းမတ်ကြက်ခြေနီအသင်းတို့ ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၁၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအား သက်မွေးလုပ်ငန်းများလုပ်ဆောင်ရန် ရင်းနှီးထောက်ပံ့ငွေပေးအပ်ခြင်းကို ဩဂုတ် ၁၅ ရက်က မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ နေရပ်စွန့်ခွာစခန်းနှစ်ခုတွင် ကျင်းပခဲ့သည်။

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အင်ဂျန်ဒုန်နယ်မြေရှိ နှစ်ခြင်းခရစ်ယာန်ကျောင်းနှင့် ရာဒါကောင်း(B)နယ်မြေရှိ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းနှစ်ခုသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင်၊ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်စ်နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီတွင် သွားရောက်တွေ့ဆုံကာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းအစီအစဉ်ဖြင့် သက်မွေးလုပ်ငန်းများ လုပ်ဆောင်ရန် ရင်းနှီးထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။ ရှေးဦးစွာ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နေရပ်စွန့်ခွာစခန်းနေပြည်သူများအား ဒိန်းမတ်လူမှုရေးအစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးပြီးဖြစ်ပါကြောင်း၊ ယခုလာရောက်ခြင်းမှာ သက်မွေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အရင်းအနှီးထောက်ပံ့ငွေများ ပေးအပ်ရန်လာရောက်ခြင်းဖြစ်ကြောင်းနှင့် ထောက်ပံ့ငွေနှင့်ပတ်သက်၍ တိုးပွားစေရေးလုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားကာ နေရပ်စွန့်ခွာစခန်းရှိ သက်မွေးလုပ်ငန်းလုပ်ဆောင်မည့် ဦးဆောင်ကော်မတီဝင်များက ကတိပြုလက်မှတ်များရေးထိုးခဲ့ကြသည်။

ထို့နောက် တပ်ကုန်းရပ်ကွက် အင်ဂျန်ဒုန်နယ်မြေရှိ နှစ်ခြင်းခရစ်ယာန်ကျောင်းမှ အိမ်ထောင်စုဝင် ၄၉ စုသို့ သက်မွေးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်ရန် တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၅၀၀၀၀ အားလည်းကောင်း၊ရာဒါကောင်း(B)နယ်မြေရှိ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းရှိ အိမ်ထောင်စု ၃၅ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀၀ အားလည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၈၄ စုသို့ ငွေကျပ် ၂၄၁၅၀၀၀၀ ကျပ်အား ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီး အဆိုပါထောက်ပံ့ငွေဖြင့် နေရပ်စွန့်ခွာ ပြည်သူများမှ စုပေါင်းကုန်စုံဆိုင်ဖွင့်လှစ်ခြင်း၊ စုပေါင်းဆန်အရောင်းဆိုင် ဖွင့်လှစ်ခြင်းနှင့်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ နေအိမ်နှင့်မကွာ ပလတ်စတစ်ခြင်းတောင်း ရက်လုပ်ခြင်း၊ ရိုးရာဂျပ်ခုတ်ရက်ထည် ရက်လုပ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေရပ်စွန့်ခွာပြည်သူများထံမှသိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး နိမ့်ကျနေသော 11 KV ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်

**ဆင်ဖြူကျွန်း ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိသည့် ဆင်ဖြူကျွန်း - နွယ်တမယ် 11 KV ဓာတ်အားလိုင်းမှာ နွယ်တမယ်ရေကျော်ချောင်းနေရာတွင် ဓာတ်အားလိုင်းကြိုးများ နိမ့်ကျနေကြောင်း သိရှိရသဖြင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြတ်တောက်မှုများမဖြစ်ပေါ်စေရန် ယခုလ ၁၂ ရက်နေ့က သွားရောက်ပြီး ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရန် အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၆ ရက် ယနေ့နံနက်ပိုင်းတွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ဆင်ဖြူကျွန်းမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ ဆင်ဖြူကျွန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးအနေဖြင့် ယခုလို မိုးတွင်းကာလတွေမှာ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးဖို့နဲ့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် မြို့တွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးပြီး သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ယိုင်နဲ့နေသည့်ဓာတ်အားလိုင်းတိုင်များအား ပြန်လည်တည့်မတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ယခုလည်း ကျွန်တော်တို့ ဆင်ဖြူကျွန်းမြို့မှာ ၂၀၁၄ - ၂၀၁၅ ခုနှစ်က ဆောင်ရွက်ခဲ့တဲ့ ဆင်ဖြူကျွန်း-နွယ်တမယ် 11 KV ဓာတ်အားလိုင်းအားဟာ နွယ်တမယ်ချောင်းအတွင်း နုန်းမြေများလာမှုကြောင့် ဓာတ်အားလိုင်းကြိုးတွေ နိမ့်ကျမှုတွေ ဖြစ်ပွားခဲ့ပါတယ်၊ ဒါ့ကြောင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အတွက် ယခုလ ၁၂ ရက်နေ့က နိမ့်ကျနေတဲ့ ဓာတ်အားလိုင်းကြိုးများကို ပေ ၄၀ အမြင့်ရောက်ရှိအောင် ကွန်ကရစ်တိုင်အသစ်များစိုက်ထူပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်၊ ဒီနေ့မနက်ပိုင်းမှာပဲ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပြုပြင်ခြင်းလုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်လို့ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပါပြီ"ဟု ဆင်ဖြူကျွန်းမြို့ လျှပ်စစ်အင်ဂျင်နီယာက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



Myanmar HAY Mandalay

သင့်အတွက်ကျန်းမာပျော်ရွှင်သော ဘဝသစ် စတင်နိုင်ရန် သတင်းကောင်းပါးအပ်ပါသည်။

မန္တလေးမြို့ **လှရောင်ပဲဆီသန့်** ဆီစက်မှ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် သန့်ရှင်းလတ်ဆတ်သည့် သဘာဝမြေပဲမှ ထွက်ရှိသော ပဲဆီသန့်သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ထောက်ခံချက်အမှတ် စ-၁၂/၁၈၀၆၄/ထလဖြင့် ထောက်ခံချက်ရရှိပြီးဖြစ်ပါသည်။

တစ်ဦးတည်း ကိုယ်စားလှယ် ဖြန့်ချီရေး ဦးကျော်ဇောဝင်း ၁၆၂/ဃ၊ ပထမသီရိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၄၉၃၅၀၊ ၀၉-၄၅၅၀၄၅၃၅၀

စက်ရုံအမှတ် မ၁၃/-၉၊ ၅၈လမ်း၊ ၄၃လမ်းနှင့် သိပ္ပံ လမ်းကြား၊ ရဲမွန်တောင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။


MIDP

# မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

# ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

# ဖိတ်ကြားလွှာ

မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Myanmar Irrawaddy Developement Public Company Limited)၏ ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (Second Annual General Meeting) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များမှ တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၆-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁း၃၀ နာရီမှ ညနေ ၅း၃၀ နာရီအထိ
**ကျင်းပမည့်နေရာ** - ပုသိမ်ဟိုတယ်ခန်းမ၊ ပုသိမ်မြို့

အစည်းအဝေးသို့ တက်ရောက်လာသော အစုရှယ်ယာရှင်များအား မှတ်ပုံတင်စာရင်းသွင်းရန် အလို့ငှာ အသိမှတ်ပြုလက်မှတ်နှင့်တကွ ကြွရောက်ပါရန်နှင့် အစည်းအဝေးသို့ မတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည် စာတိုက်မှတစ်ဆင့် ပူးတွဲပေးပို့ထားပြီးဖြစ်သည့် ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ ထိုကိုယ်စားလှယ်များအား ကိုယ်စားလှယ်လွှဲစာနှင့်အတူ အစည်းအဝေးသို့ စေလွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် စာတိုက်မှတစ်ဆင့် ပူးတွဲပေးပို့ထားပြီးဖြစ်သော ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြသည့်စာရင်းစစ်အဖွဲ့မှ အတည်ပြုထားသော (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်၏ ငွေစာရင်းရှင်းတမ်းနှင့် တခြားမေးမြန်းဆွေးနွေးအကြံပြုလိုသည့် အကြောင်းအရာများရှိပါက ကုမ္ပဏီရုံးခန်းသို့ ၃၁-၈-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ စာဖြင့်ပေးပို့ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar Irrawaddy Development Public Co., Ltd.**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅**

၁။ ဒေါ်လှစန်းကြည် **နှင့်** ၁။ ဦးမျိုးမြင့်အောင်
၂။ ဒေါ်ယုယုတင် ၂။ ဒေါ်ဝင်းဝင်းမိုး
**ဒီကရီအနိုင်ရသူများ** **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းတရားရုံး၏ အထက်ဖော်ပြပါမကြီး- ၄၆၉/၂၀၁၁ ၏ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀း၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၉၉၀)၊ ပေ(၄၀×၆၀)နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (နှစ်ထပ်အိမ်)အိမ်အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း ၇၅၀၀ (ကျပ်သိန်းခုနစ်ထောင့်ငါးရာတိတိ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်သည့်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**စစ်ကိုင်းခရိုင်နယ်တရားမရုံး၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၆**

ဒေါ်ချို့နွဲ့(ခ)ယွန်းခန့်မှူး **နှင့်** ၁။ ဦးအောင်နိုင်
၂။ ဒေါ်ခင်မာရီ
**တရားလို** **တရားခံများ**

၁။ ဦးအောင်နိုင်(ဘ)ဦးဘို၊ ၂။ ဒေါ်ခင်မာရီ (ဘ)ဦးတင်မောင်၊ အကွက်အမှတ် ၉/၂၃ ပန်းတော)၊ တကောင်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ (အတူနေလင်မယား)၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ချို့နွဲ့ (ခ)ယွန်းခန့်မှူးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် အိမ်နှင့်မြေ လက်ရောက်ပေးအပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာရှင်)**
**ဒုတိယခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6794 Toyota Mark II S/L(4x2)R ယာဉ်အမည်ပေါက် ဒေါ်မိုးသီတာ ၁၂/ပဘတ(နိုင်)၀၂၀၈၃၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ကြောင်း

ဝမ်းတွင်းမြို့နယ်၊ ဆပ်ခင်း အထက တက္ကသိုလ်ဝင်တန်း (C) မှ မောင်သန်းထိုက်စိုး၏ဖခင် ဦးကျော်ရွှေးလွင်(ခ)ဦးမောင်ရွှေး ၉/ဝတန(နိုင်)၂၂၁၀၈၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျော်ရွှေးလွင်(ခ)ဦးမောင်ရွှေး**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ ရေဝေ အထက သတ္တမတန်း(B)မှ မဆောင်းနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးအားပီ ၁၃/ကတန(နိုင်)၁၃၂၄၉၀ ဖြစ်ပါသည်။ **ဦးအားပီ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အထက ပဉ္စမတန်းမှ မောင်လပြည့်၏ ဖခင်အမည်မှန်မှာ ဦးလားလ်ရိုခွဲ ၅/ကလထ(နိုင်)၀၆၀၁၆၃ ဖြစ်ပါကြောင်း။ **ဦးလားလ်ရိုခွဲ**

## အမည်မှန်

ဦးထန်ရှင်းပြောင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက (၆)၊ အဋ္ဌမတန်းမှ မောင်ဝုန်ရှန်းထွန်၏ အမည်မှန်မှာ မောင်ဗွမ်းရှင်းထွန်း ဖြစ်ပါကြောင်း။
**မောင်ဗွမ်းရှင်းထွန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်တိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၅/ကလဝ(နိုင်)၀၂၄၀၅၆ ဖြစ်ပါကြောင်း။ **ဦးတင်ဝင်း**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကျွဲဆွဲ အထက (ခွဲ) နဝမတန်း(B)မှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်စံဦး ၅/တဆန(နိုင်)၁၀၂၈၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကျွဲဆွဲ အထက (ခွဲ) တက္ကသိုလ်ဝင်တန်း(B)မှ မမိုးအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းအောင် ၅/တဆန(နိုင်)၀၉၈၈၆၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂) နဝမတန်း(E)မှ မောင်ဝေယံထက်၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၅/ရဥန(နိုင်)၀၆၇၅၇၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နေ ဦးမောင်မောင်လတ် ၉/အမရ(နိုင်)၁၁၅၃၄၇ ၏သား ပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးကျော်အား မောင်ပြည့်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံ၊ အထက(လွိုင်မွေ)၊ နဝမတန်းမှ မောင်ကျဝေါ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၉-၂၀၀၄ နှင့် ဖခင်အမည်မှန်မှာ ဦးယားဘို့၁၃/ကတန(နိုင်)၁၅၅၄၉၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံ၊ အထက(လွိုင်မွေ)၊ နဝမတန်းမှ မနာဂ ၁၃/ကတန(နိုင်)၁၈၆၀၂၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၈-၂၀၀၃ နှင့် ဖခင်အမည်မှန်မှာ ဦးယားဘို့ ၁၃/ကတန(နိုင်)၁၅၅၄၉၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံ၊ အထက(လွိုင်မွေ)၊ နဝမတန်းမှ မနာခူး ၁၃/ကတန(နိုင်)၁၈၆၀၁၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၃-၂၀၀၂ နှင့် ဖခင်အမည်မှန်မှာ ဦးယားဘို့ ၁၃/ကတန(နိုင်)၁၅၅၄၉၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးကျအီ၏သား ကျိုင်းတုံ၊ အထက (လွိုင်မွေ)၊ အဋ္ဌမတန်းမှ မောင်စီဘို၏ အမည်မှန်မှာ မောင်စောဘို ၁၃/ကတန(နိုင်)၁၈၆၀၄၁ နှင့် မွေးသက္ကရာဇ်အမှန်မှာ ၉-၂-၂၀၀၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြား အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းမြတ်သဇင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော်လှိုင် ၁၁/မပန(နိုင်)၀၈၉၉၉၃ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မင်းပြား အထက(၁) အဋ္ဌမတန်း (C)မှ နှင်းအေးဝေ၏ မိခင်အမည်မှန်မှာ မဦးမြင့်ဝင်း ၁၁/မပန(နိုင်)၁၀၂၀၅၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြား အထက(၁) နဝမတန်း (G)မှ မောင်အောင်စိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းစောအောင် ၁၁/ပတန(နိုင်)၀၃၄၉၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြား အထက(၁) နဝမတန်းမှ စိုးနိုင်ဝင်း၏ ဖခင်အမည်မှန်မှာ မောင်သိန်းဟန် ၁၁/မပန(နိုင်)၀၆၅၃၆၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မင်းပြား အထက(၁) တက္ကသိုလ်ဝင်တန်းမှ မရွှေမယ်စံ၏ မိခင်အမည်မှန်မှာ မဦးခင်သိန်း ၁၁/မပန(နိုင်)၀၀၀၉၅၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြား အထက(၁) တက္ကသိုလ်ဝင်တန်းမှ မစောနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးမြခိုင် ၁၁/မပန(နိုင်)၀၀၄၆၂၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ချောက်မြို့နယ်၊ တလင်းကိုင်းကျေးရွာ အထက(ခွဲ) ပဥ္စမတန်းမှ မချိုချိုအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြကို ၈/ခမန(နိုင်)၁၃၁၁၄၀ ဖြစ်ပါကြောင်း။
**ဦးမြကို**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ မြို့ရှေ့အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်မျိုးမင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျောက် ၉/ကပတ(နိုင်)၀၈၃၉၁၁ ဖြစ်ပါကြောင်း။
**ဦးကျောက်**

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ သလ္လာရပ်ကွက်၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၅/မရန(နိုင်)၂၈၃၁၅၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(L) မှ မသန္တာမွန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမင်း ၅/မရန(နိုင်)၁၈၈၈၈၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ နဝမတန်း(C)မှ မောင်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးမြမိုး ၅/ကလန(နိုင်)၀၃၈၆၇၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း (C) မှ မစောသန္တာ၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းထွဋ် ၅/ကဘလ(နိုင်)၂၆၂၆၁၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း (F) မှ မောင်စိုင်းသူလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၅/ကဘလ(နိုင်)၁၅၅၅၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်


စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း(J) မှ မဟန်သီခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၅/ကလန(နိုင်)၁၂၇၂၈၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း (F) မှ မောင်အောင်ထက်မြတ်၏ ဖခင်အမည်မှန်မှာ ဦးဟန်စိန် ၅/ကဘလ(နိုင်)၁၃၇၉၄၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း (A) မှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးအိမ်မြင့်ကြီးမောင် ၅/ကလန(နိုင်)၀၄၂၇၅၇ ဖြစ်ပါကြောင်း။













## အစုရှယ်ယာများစတင်ရောင်းချကြောင်းကြေညာခြင်း

အမတဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Amata Holding Public Co., Ltd.) ကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၅၆၃/၂၀၁၇ - ၂၀၁၈ (ရက)ဖြင့် အများနှင့် သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

အမတဟိုးလ်ဒင်းအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံအတွင်း ဟိုတယ်များ၊ မီးပုံးပျံ ပျံသန်းခြင်းလုပ်ငန်း၊ အခြား ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းခွဲများကို (၂၀၁၃)ခုနှစ် မှစတင်၍ လုပ်ကိုင်လျက်ရှိပြီး၊ အခြားမြို့ကြီးများတွင်လည်း တန်ဘိုးနည်းဟိုတယ်များ (Budget Hotel) ထပ်မံတည်ဆောက်ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားပါသည်။

အမတဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေ ဖြင့် အများပြည်သူများသို့ အစုရှယ်ယာများကမ်းလှမ်းရောင်းချခွင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁၈)ရက် ရက်စွဲပါ စာအမှတ် - ကော်မရှင်/ ဈေးကွက်ကြီးကြပ်/၁၁၄၇/၂၀၁၈ ဖြင့် ရောင်းချခွင့်ရရှိထားပြီး ဖြစ်ရာ ရင်းနှီး မြှုပ်နှံရန် စိတ်ပါဝင်စားသူ အများပြည်သူ များအား အစုရှယ်ယာ တစ်စုလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် အစုရှယ်ယာပေါင်း (၂၀၀၀၀၀၀) အား (၂၀.၈.၂၀၁၈) ရက်နေ့ မှ (၂၁.၉.၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကိုလေ့လာနိုင်ရန် နှင့် အစုရှယ်ယာ ဝယ်ယူရန်လျှောက်လွှာပုံစံများအား အောက်ဖော်ပြပါ ငွေချေးသက်သေခံ လက်မှတ် ကုမ္ပဏီများတွင် (သို့မဟုတ်) Amata Holding Public Co., Ltd ၏ရုံးခန်းတွင် ထုတ်ယူလျှောက်ထား ဝယ်ယူနိုင်ပါ ကြောင်း ကြေညာအပ် ပါသည်။

AYA Trust Securities Company Limited (AYA Trust)
လိပ်စာ - အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်း နှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၈၆၂၅၉

CB Securities Company Limited
လိပ်စာ - အမှတ် ၀၃ - ၀၄၊ Union Financial Centre ၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။
ဖုန်း - ၀၁ - ၈၆၁၀၃၀၉ ~၁၃၊ ၀၁ - ၈၆၁၀၃၃၁~၃၅

KBZ Stirling Coleman Securities Company Limited
လိပ်စာ - Strand Square ၊ အမှတ် (၅၃)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေကြီး။ ဖုန်း - ၀၁ - ၂၃၀၇၃၀၀~၀၂၊ ၂၃၀၇၃၀၅~၀၈

KTZ Ruby Hill Securities Co., Ltd.
လိပ်စာ - အမှတ် ၇-၆၊ Union Financial Centre(UFC)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ - ၈၆၁၀၄၈၀

UAB Securities Company Limited
လိပ်စာ - အမှတ်၁၀၁၊ မြေညီထပ်၊ The Link Office Tower၊ ဓမ္မစေတီလမ်းနှင့် လင့်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၆၀၃၀၀၉ ~ ၁၈ (လိုင်းခွဲ - ၇၅၅)

**AMATA HOLDING PUBLIC CO., LTD**
အမှတ် ၁၀၊ အင်းလျားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၈၉၉ ၀၄၄ ၀၇၇၊ ၀၉ ၈၉၉ ၀၄၄ ၀၈၈၊ ၀၉ ၈၉၉ ၀၄၄ ၀၉၉။

### ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက (မောင်းမကန်)၊ တက္ကသိုလ်ဝင်တန်းမှ မနီဇာဝင်း၏ ဖခင်ဦးဝင်းမြင့်၏ အမည်မှန်မှာ ဦးမျိုးမြင့် ၆/လလန(နိုင်)၀၈၂၂၁၃ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်**

### မွေးသက္ကရာဇ်အမှန်
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက (သပြေရှောင်)၊ နဝမတန်းမှ ဦးဝင်းရွှေနှင့် ဒေါ်စိန်တင်တို့၏သား မောင်နိုင်ကိုရေး(ခ)မောင်ကောင်းရှေ့စံ၏မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းနှင့် ကျောင်းမှတ်တမ်းအရ ၂၈-၂-၂၀၀၄ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၉ယ/၆၅၂၆ ဟွန်ဒါဒရင်း ND 125M ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၆/သရခ(နိုင်)၀၅၈၆၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ နယ်မြေ ၁၀၊ မီးရထားဝင်းနေ ဦးဆွေဝင်း-ဒေါ်ခင်မာဝင်းတို့၏သား မောင်ဟန်ဝင်းထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၆-၂၀၀၁ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 4G/7901 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ပိုင်ဖြိုး ၁/ဟပန(နိုင်)၀၀၃၁၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဖခင်အမည်မှန်
တောင်ငူမြို့ အထက -၁၊ နဝမတန်း(က)မှ မခိုင်ဝင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုး ၇/တငန(နိုင်)၀၄၃၇၇၇ ဖြစ်ပါသည်။

### မိခင်အမည်မှန်
ဟင်္သာတမြို့၊ အမှတ်(၃)အထက တက္ကသိုလ်ဝင်တန်း (B)မှ ကျောင်းဝင်အမှတ် (၁၈၈၅၃) မောင်ကျော်ထက်ဟန်၏ မိခင်အမည်မှန်မှာ နော်အယ်ဝါး ၁၄/သပန(နိုင်)၀၅၆၃၈၄ ဖြစ်ပါသည်။ **နော်အယ်ဝါး**

### ဖခင်အမည်မှန်
ဟင်္သာတမြို့၊ အမှတ်(၃)အထက နဝမတန်း(F)မှ ကျောင်းဝင်အမှတ် (၀၈၈၁၉) မမြတ်မိုးသူ၏ ဖခင်အမည်မှန်မှာ ဦးပေါက်စ ၁၄/ဟသတ(နိုင်)၂၃၁၅၉၅ ဖြစ်ပါသည်။
**ဦးပေါက်စ**

### ဖခင်အမည်မှန်
ဟင်္သာတမြို့၊ အမှတ်(၃)အထက နဝမတန်း (D)မှ ကျောင်းဝင်အမှတ် (၁၈၇၆၁) မစုစံပယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးလှသီး ၁၄/ဟသတ(နိုင်)၀၄၀၅၄၇ ဖြစ်ပါသည်။
**ဦးလှသီး**

### ဖခင်အမည်မှန်
ဟင်္သာတမြို့၊ အမှတ်(၃)အထက နဝမတန်းမှ ကျောင်းဝင်အမှတ် (၁၈၇၉၇) မသကြင်န်မိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော် ၁၄/ဟသတ(နိုင်)၂၁၀၃၄၉ ဖြစ်ပါသည်။
**ဦးဝင်းကျော်**

### ဖခင်အမည်မှန်
ဟင်္သာတမြို့နယ်၊ အထက(ခွဲ) ရွာသစ်တောင် တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ် (၂၉၉) မခိုင်သဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း ၁၄/ဟသတ(နိုင်)၀၈၂၁၃၈ ဖြစ်ပါသည်။**ဦးအောင်သန်း**

### မိခင်အမည်မှန်
ကျိုင်းတုံမြို့၊ ရတနာ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B) မှ မသူဇာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမော် ၈/နမန(နိုင်)၀၉၃၇၆၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ပေါက်တောမြို့နယ်၊ မောက်ပြားကျေးရွာနေ အေးထွန်း ၁၁/ပတန(နိုင်)၀၁၉၈၈၁၏သမီး အထက-၂(စစ်တွေ) တက္ကသိုလ်ဝင်တန်းမှ မရွှေခိုင်သူအား မမြတ်ရွှေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်ရွှေခိုင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၄/ရွှေကြာပင်)၊ ဦးစိုးသန်း အမည်ပေါက် မြေကွက်အမှတ် (၆၄၃)၊ ဒေါ်ကြည်ဝင်း အမည်ပေါက်မြေကွက်အမှတ် ၁၀၀၃နှင့် ဦးအန်းကတ်အမည်ပေါက်မြေကွက်အမှတ် (၁၀၀၅)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိသော မြေကွက်သုံးကွက်အား မြေပေးမိန့်ထုတ်ပေးပါရန် အမည်ပေါက်သူများ(ကိုယ်စား) ဒေါ်မိုးမိုးဝင်း(ခ)ချိန်ချွင်လန့် (ဘ)ချိန်ကျင်ကျုံး ၁၃/ကခန(နိုင်)၀၀၈၇၇၉မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ၄င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများ တင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မိဘအမည်မှန်
ပေါင်မြို့နယ်၊ အထက သဲကုန်း အဌမတန်းမှ မဖြူစင်၏ မိဘအမည်မှန်မှာ ဦးစိုးနိုင်နှင့် ဒေါ်မြင့်စမ်း ဖြစ်ပါကြောင်း။
**ဦးစိုးနိုင်-ဒေါ်မြင့်စမ်း**

### ဖခင်အမည်မှန်
စဥ့်ကူးမြို့နယ်၊ လက်ပန်လှ(အထက) နဝမတန်း(C)မှ မမိုးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးတင်ဇော်ဦး ၉/စကန(နိုင်)၀၇၃၆၅၄ ဖြစ်ပါသည်။
**ဦးတင်ဇော်ဦး**

### ဖခင်အမည်မှန်
ဟင်္သာတမြို့၊ အမှတ်(၃)အထက တက္ကသိုလ်ဝင်တန်း (B)မှ ကျောင်းဝင်အမှတ် (၁၈၁၅၀) မသင်းသင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းမင်းဦး ၁၄/ဟသတ(နိုင်)၂၅၀၆၉၁ ဖြစ်ပါသည်။ **ဦးထွန်းမင်းဦး**

### မိခင်အမည်မှန်
သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်အထက တက္ကသိုလ်ဝင်တန်း (A)မှ မောင်မြင့်မြတ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းမိုး ၉/သပက(နိုင်)၀၆၈၀၆၈ ဖြစ်ပါကြောင်း။
**ဒေါ်သန်းသန်းမိုး**

### အမည်မှန်
ဦးလှဦး၏သား ပေါင်မြို့နယ် အထက သဲကုန်း နဝမတန်းမှ မောင်အောင်ဖြိုးဦး၏ အမည်မှန်မှာ မောင်အောင်မျိုးဦး ဖြစ်ပါကြောင်း။ **မောင်အောင်မျိုးဦး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၈ယ/၉၇၃၁၂ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၉/မလန(နိုင်)၀၀၉၄၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (မိတ္ထီလာခရိုင်)**

### ဖခင်အမည်မှန်
ဟင်္သာတမြို့၊ အမှတ်(၃)အထက နဝမတန်းမှ ကျောင်းဝင်အမှတ် (၁၈၇၆၈) မောင်အောင်သက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းဦး ၁၄/ဟသတ(နိုင်)၁၀၁၀၆၈ ဖြစ်ပါသည်။ **ဦးဇော်ဝင်းဦး**

# မတ်ပဲနှင့် ပဲစင်းငုံအစား တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေး

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**ရန်ကုန် ဩဂုတ် ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင် ကုန်စည်ဒိုင်)တို့မှ ကြီးမှူးကျင်းပသော မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမတွင် ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ စီးပွားရေးသုတေသီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပဲစိုက်တောင်သူများ၊ ဘုရင့်နောင် ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❁



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပဲမျိုးစုံနမူနာများ ပြသထားမှုကို ကြည့်ရှုစဉ်။

# ဂျကာတာမြို့၌ အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲစည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဂျကာတာ ဩဂုတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ကျင်းပသည်။

အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံသည် နှစ်ပေါင်း ၅၀ ကျော်အကြာတွင် တစ်ကျော့ပြန် ကျင်းပခြင်းဖြစ်သောကြောင့် စည်ကားစွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီမှစ၍ ဖျော်ဖြေရေး အစီအစဉ်များဖြင့် စတင်ခဲ့သည်။ ည ၇ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒို ရောက်ရှိလာပြီး ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပကာ

*စာမျက်နှာ ၁၂ ကော်လံ ၃* ❍



အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ မြန်မာအားကစားအဖွဲ့ ကွင်းအတွင်း ချီတက်လာစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြစ်ရေကြီးမှုအခြေအနေသတင်း

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက် အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး ငါးသိုင်းချောင်းမြို့တွင် နောက်တစ်ရက်အတွင်းနှင့် သာပေါင်းမြို့တွင် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ သို့ဖြစ်၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/၉လ**


ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌဖြစ်သူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ကွယ်လွန် စာ ၁ » ၁၀

မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ သိန်းကျော် ဖမ်းဆီးရမိ စာ ၁ » ၁၃



GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

အထွေထွေရောဂါ အထူးကုသမားတော်ကြီး
ဒေါက်တာဝင်းနိုင်
MB.BS., MRCP. (Ed), SCE. (AM), PG Dip. (Pall Med)
Consultant, Acute and General Medicine, Sunderland, UK
၂၂.၈.၂၀၁၈ မှ ၄.၉.၂၀၁၈ ထိ

အထွေထွေရောဂါ အထူးကုသမားတော်ကြီး
ဒေါက်တာချစ်ဝင်းဆိုင်
M.B.,B.S ,M.Med.Sc (Internal Medicine,Yangon), MRCP (Ireland), MRCP (UK), FRCP (Edinburgh), Diploma in Genitourinary Medicine (London, UK), Diploma in HIV Medicine (London, UK), Diploma in Sexual & Reproductive Health (UK), Consultant in Genitourinary Medicine and HIV Medicine, UK
၁.၉.၂၀၁၈ မှ ၁၄.၉.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ လူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂